ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 27 February 2021 ၁၀၃၀၁

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ)အား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ယခုကာလသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်နှင့် ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အချင်းချင်းတိုင်ပင်ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ငါးခု ဖွဲ့စည်းထားကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှာ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆိုသော်လည်း စီမံခန့်ခွဲမှုအပိုင်းများပိုများသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ခေတ်ကာလနှင့်လျော်ညီသည့် အသုံးအနှုန်းများ၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒအပေါ် ရပ်တည်မှု ရှိ၊ မရှိသေချာစိစစ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေသည် ရှင်းလင်းလွယ်ကူပြီး ပြည်သူများနားလည်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြေညာချက်များ ထုတ်ပြန်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာန အချင်းချင်း တိုင်ပင်ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြဆွေးနွေးရန်လိုကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကြေးမုံ ယနေ့ ဖတ်စရာ

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**

စာမျက်နှာ » ၄

**CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်/ဖိအားပေးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၈

ကြေးမုံ

# ကိုဗစ်-၁၉ ကာကွယ်ရေး မပြီးဆုံးသေး

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ဦးစားပေး ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေမှာ လျော့နည်းကျဆင်းသွားသည်ဆိုသော်လည်း ရောဂါပိုးတွေ့လူနာများ ထပ်မံတွေ့ရှိနေဆဲ၊ ဗီဇမျိုးကွဲသစ်များ ထပ်မံတွေ့ရှိနေဆဲဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပစ်ပယ်ထား၍ ရနိုင်မည်မဟုတ်ပေ။ ရပ်တန့်ထား၍ ရနိုင်မည်မဟုတ်ပေ။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာပေါ်ရှိ လူဦးရေ ၁၁၃ သန်းကျော် ကူးစက်ခံရပြီး လူဦးရေ နှစ်သန်းခွဲကျော် သေဆုံးခဲ့ရသည်။ ရောဂါပြန်လည်ကင်းစင်ကျန်းမာလာသူ လူဦးရေ ၈၉ သန်းခန့် ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေ တစ်သိန်းခွဲခန့် ရောဂါကူးစက်ခံရပြီး လူဦးရေ သုံးထောင်ကျော် ရောဂါကြောင့် သေဆုံးခဲ့ရသည်။ ကိုဗစ်ဒုတိယလှိုင်းဖြစ်ပွားပြီးနောက် လက်ရှိ အချိန်တွင် ရောဂါပိုးတွေ့လူနာသစ် ဆယ်ဂဏန်းမျှ နေ့စဉ်တွေ့နေဆဲဖြစ်သည်။ ထို့ကြောင့် ရောဂါကူးစက်မှု မပြီးပြတ်သေးဟု ကောက်ချက်ချနိုင်သည်။

လတ်တလောတွင် ရောဂါဖြစ်ပွားမှုကျဆင်းသည်ဆိုသော်လည်း ကျန်းမာရေးဝန်ထမ်းအချို့ ဆေးရုံများကို စွန့်ခွာသွားသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု မပေးနိုင်သဖြင့် ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများဘက်တွင် အားနည်းသွားခဲ့သည်။ ရောဂါစစ်ဆေးရေး လျော့နည်းသဖြင့် ပိုးတွေ့ရှိမှုနှုန်း လျော့နည်းသွားခြင်း ဖြစ်နိုင်သည်။ ယခုရက်များတွင် မြို့ကြီးများ၌လူစုလူဝေးလှုပ်ရှားမှုများ လုပ်ကိုင်လာသောကြောင့် ကိုဗစ်-၁၉ ရောဂါပိုးသည် လူများကြားတွင် ပြန့်ပွားနေခြင်း ရှိ၊ မရှိ တပ်အပ်မပြောနိုင်ချေ။

မည်သို့ပင်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေး စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ယခုအခါတွင် ကိုဗစ်ကာကွယ်ရေး ကာကွယ်ဆေးထိုးနှံခြင်းကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးနေပြီဖြစ်သည်။ တစ်ဖက်တွင် ကာကွယ်ဆေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတော်က ဝယ်ယူထားသောစာချုပ်အရ ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာမည် ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်ရန် စနစ်တကျ ခွင့်ပြုပေးထားသည်။ ကာကွယ်ဆေးများရရှိပါက ပုဂ္ဂလိကဆေးရုံများတွင် ထိုးနှံနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေသည်။ လက်ရှိအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ပြည်သူများ ကူးစက်ရောဂါကင်းဝေးမှသာ ကျန်းမာရွှင်လန်းစွာဖြင့် မိမိတို့ဆောင်ရွက်လိုသည်များကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ယခုအခါတွင် အခြေခံပြည်သူများအနေဖြင့် နေ့စဉ်ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် ဝင်ငွေရမည့် အလုပ်အကိုင်များတွင် စိတ်ချမ်းသာစွာလုပ်ကိုင်နိုင်ရေးကို အထူးလိုအပ်လျက်ရှိသည်။ ရောဂါကူးစက်ခြင်းများ ဖြစ်ပွားနေမှု၊ မြို့ရွာများ မတည်မငြိမ်ဖြစ်မှုတို့ ဆက်လက်ဖြစ်ပေါ်နေလျှင် ပြည်သူများအလုပ်ပျက် အကိုင်ပျက်နှင့် စားဝတ်နေရေး အခက်အခဲများနှင့် ကြုံတွေ့နိုင်သည်။ ပြည်သူများကြားတွင် အဆင်မပြေမှုများ ဆက်တိုက်ဖြစ်ပွားနေလျှင် မဖြစ်သင့် မဖြစ်ထိုက်သော အဖြစ်ဆိုးများနှင့် ကြုံတွေ့နိုင်သဖြင့် ဥပဒေ၊ စည်းကမ်းများကို လေးစားလိုက်နာရန် အထူးလိုအပ်သည်။ ကျန်းမာရေးဆိုင်ရာစည်းကမ်းများ၊ မြို့ရွာစည်းကမ်းများကို လိုက်နာကြခြင်းဖြင့် လူမှုစီးပွားအဆင်ပြေရေး၊ အေးချမ်းသာယာစွာနေထိုင်နိုင်ရေးကို ဖန်တီးကြရမည် ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေသည်ကိုတွေ့ရသည်။ ဈေးများ၊ ဆိုင်များ၊ စက်ရုံ၊အလုပ်ရုံများ၊ စေတီဘုရားကျောင်းကန်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးကို စီမံဆောင်ရွက်ပေးနေသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများသည် ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက်သာ ဖြစ်သည်။ ဆောင်ရွက်ပေးနေမှုများကို နှောင့်ယှက်ဟန့်တားကြပါက ပြည်သူပြည်သားများသာ ဒုက္ခအခက်အခဲရောက်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထု လူမှုစီးပွား အကျိုးစီးပွား ပြန်လည်ကောင်းမွန်ရေးအတွက် ရပ်ရွာတည်ငြိမ်အေးချမ်းမှုရှိရမည်ဖြစ်သလို မိမိတို့ လုပ်ငန်းကိုင်ငန်းများကို ချောမွေ့စွာလုပ်ကိုင်နိုင်ရေးအတွက် ကျန်းမာရေးသည် အဓိကအရေးကြီးသဖြင့် လုံးဝကင်းစင်ခြင်းမရှိသေးသော ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးကို ထုတ်ပြန်ထားသော စည်းမျဉ်းများအား လိုက်နာပြီး လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၆-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၂၆ | ၂၄၁,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၁,၀၉၂ | ၃,၈၂၂,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၂,၀၀၀ | ၁,၁၆၀ | ၂၅,၃၇၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄၄၀ | ၁,၂၃၂,၀၀၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၅.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၄၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၂.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၃၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၄.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၆၃၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၂၄.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၁.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၃.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

- **CDM ဆောင်ရွက်မှုနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါဆက်လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်**
- **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်းဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက် ခံယူချက်များ ကောင်းမွန်ရန်လို**

☆ ရှေ့ဖုံးမှ

မြို့ရွာများ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားအမှန်ကို အနီးစပ်ဆုံးသိရှိရန် ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များကို ဝန်ကြီးဌာနများအနေဖြင့် သေချာစိစစ် ဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်အသင်းအဖွဲ့များလည်းရှိနေကြောင်း၊ အသင်းအဖွဲ့များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်ရန်လိုကြောင်း၊ အသင်းအဖွဲ့တစ်ခုရပ်တည်ရန်မှာ ရန်ပုံငွေလိုအပ်ပြီး ယင်းရန်ပုံငွေ မည်သို့စီးဝင်နေသည်ကို ကြည့်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်ကို ဝန်ကြီးဌာနများက စနစ်တကျ စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

**မဖြစ်မနေဆောင်ရွက်ရမည်**

သစ်တောကဏ္ဍမှာ ၁၉၉၅ ခုနှစ် သစ်တောမူဝါဒရှိကြောင်း၊ သစ်တောနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအပြင် တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများက သစ်တောမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း၊ သစ်တောပြုန်းတီးမှုအချို့မှာ စိုက်ပျိုးရေးလုပ်ငန်းများ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရန်နေရာအတွက် ခုတ်ထွင်ခြင်း၊ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ခုတ်ထွင်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နောင်ကာလတွင် ကျေးရွာများ၌ သစ်သုံးစွဲမှု၊ ထင်းသုံးစွဲမှုတို့ကို တွက်ချက်ပြီး ကျေးရွာပိုင်စိုက်ခင်းများကို မဖြစ်မနေစိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နိုင်ငံအတွက် လိုအပ်ချက်ကိုသာ ထုတ်လုပ်ရမည်ဖြစ်ပြီး တစ်ဖက်ကလည်း သစ်တောထိန်းသိမ်းရေးမူဝါဒချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး မိမိတို့စနစ်တကျ ထိန်းသိမ်းနိုင်မှသာလျှင် ကောင်းမွန်သည့်အကျိုးဆက်ကို နောင်မျိုးဆက်များ ခံစားရမည်ဖြစ်သည့်အတွက် သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိကာလတွင်လည်း သစ်တောကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်ကျူးကျော်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများနှင့်ပတ်သက်၍ စိုက်ပျိုးရန်ခွင့်ပြုချက်ရယူထားသူများသည် အမှန်တကယ် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ တချို့မှာ စိုက်ပျိုးရန်ခွင့်ပြုချက်ရယူထားသော်လည်း အမှန်တကယ် စိုက်ပျိုးခြင်းမရှိကြောင်း၊ သစ်တောစိုက်ပျိုးရန် မြေပြုပြင်ခြင်း ဆောင်ရွက်သည်ဟု အကြောင်းပြချက်ဖြင့် မူရင်းနေရာတွင်ရှိနေသည့် သစ်ပင်များကိုခုတ်ထွင်ရှင်းလင်းထုတ်ယူပြီး ထပ်မံစိုက်ပျိုးမှုမရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် မြေယာပြဿနာများ ဖြစ်လာကြောင်း၊ နိုင်ငံပိုင်သစ်တောစိုက်ခင်း၊ စုပေါင်းသစ်တောစိုက်ခင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို စနစ်တကျထိန်းသိမ်းရန်လိုကြောင်း။

**စနစ်တကျဆောင်ရွက်ရန်လို**

မြေယာကိစ္စပြဿနာအချို့မှာ တစ်ချိန်က ရှင်းလင်းဆောင်ရွက်ပြီးသော်လည်း ခေတ်ကာလမြေတန်ဖိုးပြောင်းလဲလာမှုကြောင့်ဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေမှာ ငွေကျပ်ဘီလီယံချီရှိကြောင်း၊ သို့ဖြစ်၍ မြေယာကိစ္စကို မူဝါဒနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း မူဝါဒ ၄ ရပ်နှင့်အညီ ဧကတစ်သိန်းကျော် စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း အသုံးမပြုသည့်မြေယာများကို စနစ်တကျပြန်လည်စွန့်လွှတ်၍ နိုင်ငံတော်ကို အပ်နှံရမည်ဖြစ်ကြောင်း၊ ယခုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အချက်အလက် ခိုင်ခိုင်မာမာတင်ပြပြီး လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်တို့က လုံခြုံရေး၊ မှုခင်းဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့် အမိန့်ကြော်ငြာစာကိစ္စရပ်များ၊ သစ်တောမြေပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က ရပ်ကွက်၊ ကျေးရွာစီမံခန့်ခွဲရေးကောင်စီများတွင် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများပါ ထည့်သွင်းဖွဲ့စည်းရေး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကောင်စီများ အဖွဲ့ဝင်များနှင့် ရပ်ကျေးဥက္ကဋ္ဌများ တာဝန်ပေးအပ်ရာတွင် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နိုင်သူများကို ရွေးချယ်ခန့်အပ်ရေး၊ သက်ဆိုင်ရာကောင်စီအဆင့်ဆင့် အထောက်အကူပြုရေးအဖွဲ့များ ဖွဲ့စည်းပေးရေး၊ CDM ဆောင်ရွက်မှုတွင် မပါဝင်သူများအား အကာအကွယ်ပေးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကြိုးဝိုင်း၊ ကြိုးပြင်သဘာဝဘေးမဲ့တောများ တည်ထောင်ရေး၊ ကျေးရွာသုံး ထင်းစိုက်ခင်းများတည်ထောင်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းမရှိပါက ပြန်လည်သိမ်းဆည်းသွားရေး၊ သစ်တောကျူးများ စာရင်းကောက်ယူပြီး သစ်တောကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်သွားရေး၊ သီးနှံသစ်တောရောနှောစိုက်ခင်း တည်ထောင်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝန်ကြီးဌာနများမှ ဥပဒေရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဥပဒေအကြံပေးများထားရှိရန်လိုကြောင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများနှင့် လိုင်စင်မဲ့ယာဉ်များ အသုံးပြုမှုများအား ထိရောက်စွာအရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပညာပေးလုပ်ငန်းများအား ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ယခုကာလသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားခြင်းနှင့် ပတ်သက်၍ ကျေးရွာ၊ ရပ်ကွက်များမှ သမာဓိရှိသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာအကျိုးအတွက် အမှန်တကယ်ဆောင်ရွက်နိုင်သူများကိုသာ ရွေးချယ်ခန့်ထားစေလိုကြောင်း။

**အရေးယူဆောင်ရွက်သွားမည်**

CDM ဆောင်ရွက်မှုနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါဆက်လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်းဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက် ခံယူချက်များကောင်းမွန်ရန်လိုကြောင်း၊ သစ်တောများပြန်လည်စိုက်ပျိုးရန်ကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရန်အတွက် သတ်မှတ်ထားသည့် ပျိုးပင်၏သက်တမ်းနှင့် အရွယ်အစားအား ရွေးချယ်စိုက်ပျိုးရန် လိုကြောင်း၊ ခွင့်ပြုထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများကိုလည်း စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထင်းသုံးစွဲမှုများနှင့် သစ်ထုတ်လုပ်မှုများကို တတ်နိုင်သမျှ လျှော့ချဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် ထင်းသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကော်မတီ၏ တာဝန်နှင့်လုပ်ငန်းများမှာ ကျယ်ပြန့်ပါကြောင်း၊ သို့ဖြစ်၍ ကော်မတီဝင်များအနေဖြင့် ဘက်ပေါင်းစုံရှုမြင်ပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ လတ်တလောဖြစ်ပေါ်လာပါက ကော်မတီဝင်အချင်းချင်း တိုင်ပင်ဆွေးနွေးကြရန်လိုကြောင်း၊ အကြောင်းအရာတစ်ခုချင်းစီအား လေးလေးနက်နက်ဖြင့် အမှားအယွင်းမရှိအောင် ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် အဆင့်ဆင့်တင်ပြ၍ ဆုံးဖြတ်ချက်ရယူသွားရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၉၃ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးသန်းစိုး
(၂) ဦးဘရန်ရှောင်
(၃) ဦးမြင့်ဦး
(၄) ဦးခင်မောင်ဦး
(၅) ဒေါ်နုမြဖုံ
(၆) ဦးမြင့်သိန်း
(၇) ဒေါက်တာ ဘမောင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၉၄ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးပေါလူချမ်း (အစား) ဦးစိန်ဦး
(၂) ဒေါ်စူးမြာယဉ်ယဉ်လေး (အစား) ဦးစောဟူးဟူး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**

(၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့)
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၃။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ (NCA)လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းများပြုလုပ်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားနိုင်ရေးနှင့် ကမ္ဘာတစ်ဝန်းရင်ဆိုင်ရလျက်ရှိသည့် COVID- 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များမှအပ တပ်မတော်၏စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ရပ်ဆိုင်းပေးသွားမည် ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန်လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလများကို ယခင်ကထက် ပိုမိုထိရောက်အကျိုးရှိစွာအသုံးပြု၍ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)သို့ သွားရောက်၍ ငွေသွင်း/ ငွေထုတ်ဆောင်ရွက်နေမှုများ၊ အစိုးရဌာနအဖွဲ့အစည်းများသို့ လစာထုတ်ပေးနေမှုများနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာများကို ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် မိဘပြည်သူများအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။ ပြည်ထောင်စုဝန်ကြီးက လတ်တလောကာလအခြေအနေများအတွင်း အခက်အခဲများကြားမှ ဘဏ်ဝန်ထမ်းများက ပင်စင်လစာများနှင့် ဝန်ထမ်းလစာများကို အဆင်ပြေစွာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် ဘဏ်လုပ်ငန်း ပုံမှန်ဆောင်ရွက်နေမှုများအတွက် ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏တာဝန်များကို နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိ

ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်က ပြစ်တင်ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် China Central Television (CCTV) သတင်းဌာနမှ Chief Correspondent ဖြစ်သူ Mr. Wang Yu အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် China Central Television (CCTV) သတင်းဌာနမှ Chief Correspondent ဖြစ်သူ Mr. Wang Yu အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-တရုတ် ခရီးသွားနှစ်ဆိုင်ရာအစီအစဉ်များ အပြန်အလှန်ထုတ်လွှင့်ပြသမည့် အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဇော်မင်းထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ / ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟုလည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟုလည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေ

လင်းလင်း

**ရုံးဆင်းချိန်အိမ်ပြန်မည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးကို ရုံးပေါက်ဝမှနေ၍ "ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်က အစ်ကိုတို့လက်ထဲမှာ ရှိပါတယ်။ CDM မှာ ပူးပေါင်းပေးပါ" ဆိုပြီး လက်ကို ဆွဲပါတယ်။ ဝန်ထမ်းက လက်ကိုရုန်းလိုက်တော့ ကားတံခါးနားအထိ လိုက်သွားပြီး မြေပြင်ပေါ်မှာ ထိုင်ချလိုက်ကာ တောင်းဆိုပါတယ်။ အခြားတစ်ယောက်ကတော့ ညီမတွေ၊ ညီတွေ မရှိဘူးလား၊ မောင်နှမတွေ မရှိဘူးလား၊ ကလေးတွေရဲ့ အနာဂတ်ကို ကြည့်ပေးပါလို့ ပြောပါတယ်။ နောက်တစ်ယောက်ကတော့ ဖုန်းနဲ့ ဗီဒီယိုရိုက် မှတ်တမ်းတင်နေပါတယ်။**

ဝန်ထမ်းက "မင်းမရိုက်နဲ့"ဆိုပြီး ဖုန်းကို ဆွဲဖယ်လိုက်တော့ "ကလေးကို အကြမ်းမဖက်နဲ့။ ရှင်ပြဿနာတက်သွားမယ်"လို့ ဆိုပါတယ်။ ဝန်ထမ်းက ကားပေါ်တက်သွားတဲ့အချိန်မှာ ကားရှေ့က ပိတ်ရပ်လိုက်ကြပြီး ဒီအတိုင်း ထွက်သွားလို့မရဘူး။ သတ္တိရှိရင် တိုက်သွားလို့ ဆိုပါတယ်။ အခြားတစ်ယောက်ကတော့ "ကျွန်မတို့ကို ကူညီပေးပါ။ ဒီမှာ အစ်မကို အတင်းတွန်းလိုက်တယ်" ဆိုပြီး ပတ်ဝန်းကျင်ကိုလည်း လှမ်းအော်လိုက်တော့ လူတွေ ရောက်လာကြပါတယ်။ ဝန်ထမ်းလည်း အိမ်မပြန်တော့ဘဲ ကားပေါ်က ဆင်းပြီး ရုံးထဲကို ပြန်ဝင်သွားတဲ့အထိ ရုံးအပြင်ကနေ ဉာဏ်မရှိဘူးလား၊ ပညာမတတ်ဘူးလားဆိုပြီး လှမ်းအော်ကာ ရန်တွေ့ပါတယ်။

အခု ဗီဒီယိုဖိုင်ကတော့ ရုံးတက်နေတဲ့ နိုင်ငံ့ဝန်ထမ်းကို CDM မှာပါဝင်ဖို့ စည်းရုံးလှုံ့ဆော်နေတာ ဖြစ်ပါတယ်။ ဝန်ထမ်းတစ်ယောက်ကို နှောင့်ယှက်စော်ကားတာ ဥပဒေမမြောက်ဘူးလားဗျာ၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတဲ့ဝန်ထမ်းကို ကိုယ်ထိလက်ရောက် စော်ကားတာတော့ ရှုတ်ချပါတယ်ဆိုပြီး စာနဲ့အတူ မကြာမီရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာမှာ တွေ့လိုက်ရပါတယ်။

ထိုဖြစ်စဉ်ကဲ့သို့ အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှု CDM မှာ မပါဝင်တဲ့၊ လုပ်ငန်းတာဝန်တွေကို ဆက်လက်ထမ်းရွက်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အခုလို ဖိအားပေးပြောဆိုစည်းရုံးမှုတွေ ပြုလုပ်တာ၊ ရုံးတက်တဲ့ ဝန်ထမ်းတွေကို ခေါင်းတ်ပုံရိုက်ပြီး လူမှုကွန်ရက်ပေါ်သို့ ဖြန့်ဝေကာ အရှက်ခွဲတာ၊ လှောင်ပြောင်ကဲ့ရဲ့တာတွေ၊ Social Punishment ပြုလုပ်တာတွေကိုလည်း မကြာခဏ တွေ့မြင်လာရပါတယ်။

### အာဏာဖီဆန်ရေးလှုပ်ရှားမှု

အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil disobedience Movement – CDM) ဆိုတာ ဉာဏ်မီသလောက်ကတော့ နိုင်ငံသားတစ်ဦးက အစိုးရရဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ အမိန့်တွေကို အကြမ်းမဖက်သောနည်းနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ ကန့်ကွက်ခြင်း ဖြစ်ပါတယ်။

ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုလုပ်ကိုင်ခွင့်တွေရှိပါတယ်။ ဒါပေမယ့် လွတ်လပ်မှုက သူတစ်ပါးကို မထိခိုက်စေရပါ။ မိမိနဲ့ သဘောထား၊ အယူအဆ မတူသူတွေကိုလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ပေးရပါမယ်။ မတားဆီးရ၊ မထိပါးရပါဘူး။

ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းပြပြီး အခြားသူတွေကို အုပ်စုဖွဲ့ အတင်းအကျပ်ပြုတာ၊ နှောင့်ယှက်၊ ခြိမ်းခြောက်တာတွေကတော့ ဥပဒေနဲ့ လူ့အခွင့်အရေးကို မလေးစား မလိုက်နာတာဘဲ ဖြစ်ပါတယ်။ စည်းကမ်းမရှိရင် ဒီမိုကရေစီလည်း ပျက်စီးနိုင်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူအများ အာဏာပိုင်စိုးသောစနစ်ကို ခေါ်ဆိုပြီး ဒီမိုကရေစီစနစ် အခြေခိုင်ရေးအတွက် ပြည်သူ့အင်အားကို အသုံးချရာမှာ အတ္တ၊ ပရ မျှတဖို့လည်း အရေးကြီးပါတယ်။

### အကြောက်တရားကြောင့် ပါဝင်နေကြရ

CDM လှုပ်ရှားမှုမှာ ဝန်ထမ်းအချို့ ပါဝင်ကြတာကတော့ ပကတိအရှိတရား ဖြစ်ပါတယ်။ ယုံကြည်မှု၊ ခံယူချက်တွေကြောင့် ပါဝင်လာသူတွေရှိပေမယ့် အချို့ဝန်ထမ်းတွေက ကိုယ်ပိုင်စိတ်ခံစားမှု၊ ခံယူချက်တွေကြောင့် မဟုတ်ဘဲ စည်းရုံးမှုတွေကို နားယောင်ပြီး တစ်စုံတစ်ယောက်စေခိုင်းတဲ့အတိုင်း လိုက်ပါလုပ်ဆောင်တာ၊ မိမိသဘောဆန္ဒမပါဘဲ အကြောက်တရားကြောင့် ပါဝင်နေကြရတာတွေလည်း ရှိပါတယ်။

**အစိုးရရဲ့ လုပ်ငန်းယန္တရားကို ရပ်ဆိုင်းသွားစေဖို့ ရည်ရွယ်ချက်နဲ့ အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM)မှာ ဝန်ထမ်းတွေပါဝင်လာဖို့ ရုံးတက်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို တားဆီးနှောင့်ယှက်တာ၊ ရုံးမတက်ဖို့ ခြိမ်းခြောက်အကျပ်ကိုင်တာ၊ ရုံးတက်**လို့ လှောင်ပြောင်ကဲ့ရဲ့တာတွေကို ဒီမိုကရေစီကိုလိုလားသူ၊ လူ့အခွင့်အရေးကို တန်ဖိုးထားသူတွေလို့ ကြွေးကြော်နေသူအချို့ဟာ တဖြည်းဖြည်းနဲ့ အကြမ်းဖက်မှုအသွင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြပါတယ်။

### ငွေကြေးထောက်ပံ့တာတွေရှိ

CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အွန်လိုင်းကတစ်ဆင့် လှုံ့ဆော်နေတဲ့အဖွဲ့တွေကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေက ငွေကြေးထောက်ပံ့တာတွေ ရှိပါတယ်။ CDM ကို မြှောက်ပင့်လှုံ့ဆော်နေသူတွေဟာ အကျိုးမလိုလားသူ၊ ပျက်စီးအောင် ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်နေသူတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေကြားမှာ ကြားခံဆက်သွယ်လုပ်ငန်းဆောင်ရွက်ရမယ်ဆိုတဲ့ တာဝန်ဝတ္တရားတွေကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ ဝတ္တရားနှောင့်ယှက်သူတွေကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူလို့ ရပါတယ်။

ပြည်သူကိုဗဟိုပြုပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်းတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဝန်ထမ်းတွေဟာ အခုအချိန်မှာ ရပ်တည်ချက်တွေ အမျိုးမျိုး၊ သဘောထားတွေ အမျိုးမျိုး၊ ထိုးနှက်ချက်တွေ အမျိုးမျိုးအကြားမှာ တာဝန်ကျေဖို့ ကြိုးစားရုန်းကန်နေကြရပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါဝင်လာဖို့ စတင်ဆောင်ရွက်စည်းရုံးသူကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောကြားထားပါတယ်။ **CDM မှာ ပါဝင်နေသူတွေကို လုပ်ငန်းခွင်တွေမှာ ပြန်လည်တာဝန်ထမ်းဆောင်ကြဖို့ နိုင်ငံတော်အစိုးရက တိုက်တွန်းနေပြီး စိတ်ရှည်လက်ရှည်နဲ့လည်း သည်းခံစောင့်ဆိုင်းပေးလျက်ရှိပါတယ်။**

နိုင်ငံ့ဝန်ထမ်းတွေဟာလည်း နိုင်ငံသားတွေဖြစ်တဲ့အတွက် ရွေးကောက်ပွဲကျင်းပချိန်မှာ ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်ကို ဆန္ဒမဲပေးနိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အတွက် ထမ်းဆောင်ရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ၊ လိုက်နာရမယ့် စည်းကမ်းတွေရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ စိတ်ခံစားချက်တွေ ရှိမှာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိပါတယ်။ ဒါပေမယ့် စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ကွဲပြားသိမြင်ပြီး တာဝန်ချိန်မှာတော့ နိုင်ငံအတွက်သာ ဦးတည်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စာဂကို အကျင့်၊ စွန့်လွှတ်ခြင်း၊ ပေးလှူခြင်း၊ စရိုက်အမူအရာ၊ မျှဝေလှူဒါန်းခြင်း၊ အနစ်နာခံနိုင်ခြင်းလို့ အဓိပ္ပာယ်ရပြီး သစ္စာကတော့ မှန်ကန်ခြင်းတရား ဖြစ်ပါတယ်။ ဓမ္မက တရားမျှတခြင်း နိယာမသဘောဖြစ်ပြီး ဝီရိယကတော့ ကြိုးစားလုံ့လရှိခြင်း ဖြစ်ပါတယ်။ ပညာသည် လောဘ၊ ဒေါသ၊ မောဟကို ဖောက်ထွင်းဖျက်ဆီးနိုင်ပြီး သန္တိသုခနိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုစေနိုင်ပါတယ်။

ဘယ်အစိုးရတက်တက် ဆက်လက်တည်ရှိနေမှာဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ သစ္စာ၊ အမှန်တရားကို သိမြင်တဲ့ ပညာဉာဏ်မျက်လုံးနဲ့ အမှောင်ကို ထွင်းဖောက် အလင်းရောက်နိုင်ကြပါစေ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတည်းဟူသော သူတော်ကောင်းတရား ငါးပါးနဲ့ ပြည့်စုံပြီး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း ကောင်းဆိုးနှစ်တန် လောကဓံကို မတုန်မလှုပ် ကြံ့ကြံ့ခံကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတယ်။ ။

> **နိုင်ငံ့ဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါဝင်လာဖို့ စတင်ဆောင်ရွက်စည်းရုံးသူကိုထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောကြားထားပါတယ်။ CDM မှာ ပါဝင်နေသူတွေကို လုပ်ငန်းခွင်တွေမှာ ပြန်လည်တာဝန်ထမ်းဆောင်ကြဖို့ နိုင်ငံတော်အစိုးရက တိုက်တွန်းနေပြီး စိတ်ရှည်လက်ရှည်နဲ့လည်း သည်းခံစောင့်ဆိုင်းပေးလျက်ရှိ။**

# တာချီလိတ်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**တာချီလိတ် ဖေဖော်ဝါရီ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေကျပ် ၁၆၂ ဒသမ ၈၄ သန်းဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာလေမြို့ နားယောင်းကျေးရွာအုပ်စုရှိ နားအွန်းကျေးရွာနှင့် မယ်ပိန်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်း (၃/၅)မိုင်အနက် (၁/၀)မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောက်ချောလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် ဖေဖော်ဝါရီ ၂၅ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကျောက်ချောလမ်းမှာ လက်ရှိအချိန်တွင် ၅၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ပြီး နားအွန်းကျေးရွာနှင့် မယ်ပိန်းကျေးရွာမှ အိမ်ခြေ ၂၄၆ အိမ်နှင့် လူဦးရေ ၁၂၁၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ ငွေကြယ်



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ တတိယအကြိမ် ထမနဲထိုးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ် ပိုမိုရရှိစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ တတိယအကြိမ် ထမနဲထိုး ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများပါဝင်သည့် ပြိုင်ပွဲဝင်အဖွဲ့သုံးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင် ကြသည်။

**ဆုများချီးမြှင့်**

အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အားပေးစကားပြောကြားခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသော အဖွဲ့များကို ဆုများချီးမြှင့်သည်။

သတင်းစဉ်



# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၆**

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ထမနဲထိုးပြိုင်ပွဲကို ကချင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ယနေ့ ညနေ ၃ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရုံးဝင်း၌ ကျင်းပသည်။

**တာဝန်ထမ်းဆောင်ကြရမည်**

ထမနဲထိုးပြိုင်ပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မြန်မာ့ရိုးရာအစဉ် အလာအရ ထမနဲထိုးပြိုင်ပွဲဆိုသည်မှာ စုပေါင်းခြင်း အင်အား၊ စည်းလုံးခြင်းအင်အားကို ဖော်ဆောင်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ထမနဲဆိုသည့်အတိုင်း အချင်းချင်းစည်းစည်းလုံးလုံးနှင့် စုပေါင်းခြင်း အင်အားတို့ဖြင့် ပြုလုပ်ရသကဲ့သို့ နိုင်ငံတာဝန်များ ထမ်းဆောင်ရာတွင်လည်း စည်းလုံးညီညွတ်စွာ အားအင်အပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း အားပေးမှာကြားသည်။

ယင်းနောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများက ဌာနစုများအလိုက် အသင်းလေးသင်းဖြင့် ထမနဲထိုးခြင်းကို ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲခဲ့ကြရာ ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်၊ ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးတို့က ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသည့် အသင်းများကို ငွေသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းထမနဲထိုးပွဲကျင်းပ၍ အလှူဒါနပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများအချင်းချင်း ချစ်ခင်စည်းလုံးမှု၊ တစ်ဦး အပေါ်တစ်ဦး နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် မြန်မာ့ရိုးရာ ထမနဲ ထိုးပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၂၆)ရက်နေ့တွင် ရိုးရာမပျက် ထမနဲထိုးပွဲကျင်းပ၍ ပျော်ရွှင်ကြည်နူးလျက်ရှိသည်။ အဆိုပါ ထမနဲများအား ဘုရားပုထိုး စေတီများတွင် ဆွမ်းကပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းဆက်ကပ်ခြင်း၊ ဝန်ထမ်း မိသားစုများသို့ ဝေငှပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်၍ အလှူဒါနပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက ပြုလုပ်သည့် မြန်မာ့ရိုးရာထမနဲထိုးပွဲကို ကြေးမုံသတင်းစာတိုက် (နေပြည်တော်)မှ ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲကြစဉ်။ ကြေးမုံ



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ဥယျာဉ်ရပ်ကွက် ဟော်ဝင်းမြက်ခင်းပြင်၌ ပြုလုပ်စဉ်။

မျိုးညွန့်ရွှေ(မိုးနဲ)

# CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်/ဖိအားပေးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က အတည်ပြုဖွဲ့စည်းထားသော ဌာနတစ်ရပ်ရပ်၏ ရာထူးနေရာတစ်ခုခုတွင် ခန့်အပ်ခြင်းခံရပြီး နိုင်ငံတော်၏ရသုံးမှန်းခြေငွေစာရင်းမှ လစာနှင့်စရိတ် ခံစားသူများဖြစ်ကြသည်။ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးတည်ပြီး ထမ်းရွက်ရမည့် လုပ်ငန်းတာဝန်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် စောင့်ထိန်းအပ်သော ကျင့်ဝတ်တို့ကို မပျက်မကွက် လိုက်နာစောင့်ထိန်းရမည်ဖြစ်သည့်အပြင် မည်သို့သော ဘေးပယောဂနှင့် အကျပ်ကိုင်ခြိမ်းခြောက်မှုများ ရှိစေကာမူ အစိုးရအဆက်ဆက်၏ ပေးအပ်သော နိုင်ငံ့တာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်းများအနက် အချို့မှာ အစိုးရယန္တရား ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် ရန်လိုဆန့်ကျင်သူတို့၏ နည်းအမျိုးမျိုးဖြင့်ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်ခြင်းများ၊ လူတစ်ဦးချင်း၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်အပေါ် ထိခိုက်စေသည့် ဆိုးရွားသောလုပ်ရပ်များ၊ လူ့တန်ဖိုးနှင့် ဂုဏ်သိက္ခာထိခိုက်စေသော အပြုအမူများကြောင့် နိုင်ငံ့တာဝန်များထမ်းဆောင်ရန် ပျက်ကွက်လျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ပျက်ကွက်သူများအနက် အများစုသည် ကိုယ်တိုင်ဆန္ဒမပါသော်လည်း ခြိမ်းခြောက်အကျပ်ကိုင်မှုများကိုမလွန်ဆန်နိုင်၍ လိုက်ပါဆောင်ရွက်နေရသူများဖြစ်ကြောင်း တွေ့ရှိရသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်မှ ရပ်ကွက်ကျေးရွာများအဆင့်ထိ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတို့က အုပ်စုဖွဲ့လျက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ အသက်အန္တရာယ်ရှိစေသည်အထိ ရန်ပြုခြင်း၊ အုပ်စုဖွဲ့ရမ်းကားဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးရုံးများရှိ ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ ရုံးမတက်နိုင်စေရန် တားဆီးပိတ်ဆို့မှုများစသည့် အစိုးရအုပ်ချုပ်ရေးယန္တရားကို တိုက်ရိုက်ထိခိုက်စေသည့် ဥပဒေမဲ့လုပ်ရပ်များကို ထိပ်တိုက်ရင်ဆိုင်သည့်ပုံစံဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြောင်း တွေ့ရသည်။

အထက်ပါ ဥပဒေမဲ့တရားလက်လွတ်ဆောင်ရွက်မှုများသည် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပြစ်မှုပြစ်ဒဏ်များဖြင့် ငြိစွန်းနေသည် -

- ရာဇသတ်ကြီး ပုဒ်မ ၁၈၉ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အလုပ်ဝတ္တရား ဆောင်ရွက်ခြင်းကို ခြိမ်းခြောက်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အစိုးရ ရာထမ်းမှုထမ်းများအား တာဝန်ဝတ္တရား ဆောင်ရွက်မှုကို တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်းပြုလျှင် ထောင်ဒဏ် ၇ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) အစိုးရ ရာထမ်းမှုထမ်းများကို စိတ်ဓာတ်တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ ကျင့်ဝတ်ကို ပိတ်ပင်တားမြစ်ရန်၊ အနှောင့်အယှက်ပြုရန် ပြုလျှင် ထောင်ဒဏ် ၂ နှစ်ထိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့သော်လည်း စိတ်ရှည်သည်းခံစွာဖြင့် စောင့်ကြည့်ခြင်း၊ မေတ္တာရပ်ခံခြင်း၊ သတိပေးခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အများပြည်သူ၏ လူမှုစီးပွားဘဝအပေါ် ထိခိုက်ပျက်စီးမှုမဖြစ်စေရေး ရေးရှုလျက် ဖော်ပြပါပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက မလွဲမရှောင်သာ ထိရောက်စွာ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**✻ ကျောဖုံးမှ**

လုပ်ဆောင်သော်လည်း လူအုပ်စုအချို့မှာ အကြမ်းဖက်ဆူပူမှု (Riot) ဖြစ်ပေါ်စေရေး၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob)အသွင်ဖြစ်ပေါ်လာစေရန် လှုံ့ဆော်လုပ်ဆောင်လာပြီး တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့်နိုင်ငံ့ဝန်ထမ်းများအား အဓမ္မခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်လမ်းပေါ်ထွက်ဆန္ဒပြရန် လှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ နေပြည်တော် သပြေကုန်းအပိုင်းဖြစ်စဉ်၊ မန္တလေးမြို့ ရထားသံလမ်းပိတ်ဆို့မှုဖြစ်စဉ်နှင့် ဂေါ်ဝန်ဆိပ်ကမ်းဖြစ်စဉ်၊ မော်လမြိုင်မြို့ ဈေးချိုရပ်ကွက်ဖြစ်စဉ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံသူအချို့အား နှောင့်ယှက်ဖိအားပေးမှုများအပြင် လှိုင်သာယာမြို့နယ်နှင့် တာမွေမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဖြစ်စဉ် စသည့် မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ရှိသော အကြမ်းဖက်မှုများအထိ ဆောင်ရွက်လာခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဌာနပိုင်မော်တော်ယာဉ်များ ပျက်စီးခဲ့ရခြင်းများရှိခဲ့ရသလို ဆူပူရမ်းကားဆန္ဒပြသူများတွင် သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အထက်ပါ အကြမ်းဖက်ဆူပူမှုများသည် ထုတ်ပြန်ထားသော ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အောက်ပါရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းလျက်ရှိသည်-

- ရာဇသတ်ကြီးပုဒ်မ ၁၄၃ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတစ်ခုတွင် ပါဝင်သူဖြစ်လျှင် ထောင်ဒဏ် ၆ လထိ
- ရာဇသတ်ကြီးပုဒ်မ ၁၄၄ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက်သောလက်နက်ကို ကိုင်စွဲလျက် ပါဝင်သူဖြစ်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိရှိပါလျက် ဆက်လက်ပါဝင်နေသူဖြစ်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၅၂ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန်ကြိုးပမ်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှု၊ ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ အနိုင်အထက်ပြုမှုကိုပြုလျှင် ထောင်ဒဏ် ၃ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၈၈ ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသောအမိန့်ကို ဖီဆန်လျှင် ထောင်ဒဏ် ၆ လထိ
- ရာဇသတ်ကြီးပုဒ်မ ၃၃၃ တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင် ထောင်ဒဏ် ၁၀ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့်အဖွဲ့များ၏ ဆောင်ရွက်မှုအောင်မြင်ရေးကို နှောင့်နှေးစေရန်၊ ပျက်ပြားစေရန် ပြုမှုဆောင်ရွက်လျှင် ထောင်ဒဏ် ၂၀ နှစ်ထိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ အရေးပေါ်ကာလ ၃ ပတ်ကျော်အတွင်း စိတ်ရှည်သည်းခံစွာဖြင့် မေတ္တာရပ်ခံခြင်း၊ သတိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ပြည်သူလူထုအများစု၏ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုမှုအား ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေကြသည့် ဥပဒေမဲ့အုပ်စုဖွဲ့ မင်းမဲ့စရိုက်ဆန်သော (Anarchy Mob)အသွင်ရောက်ရှိရန် အရှိန်မြှင့်တင်ကြိုးပမ်းလာကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်၏အကျိုးစီးပွားနှင့် အများပြည်သူ၏လူမှုစီးပွားဘဝအပေါ် ထိခိုက်ပျက်စီးမှုမရှိစေရေးတို့အတွက် အထက်ပါပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက မလွဲမရှောင်သာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# သက်ကြီးရွယ်အိုများဆိုင်ရာနည်းဥပဒေများ(မူကြမ်း)ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ(မူကြမ်း) ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ / နည်းဥပဒေများ၊ ပြဋ္ဌာန်းရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေ / နည်းဥပဒေ(မူကြမ်း)များကို မိမိအနေဖြင့် လေ့လာနေဆဲကာလဖြစ်ပါကြောင်း၊ ယနေ့ ရှင်းလင်းတင်ပြမည့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ



(မူကြမ်း)နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များပြီးစီးပါက အတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လိုအပ်သည့် စောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝရရှိရေး၊ ကိုယ်၊ စိတ်နှလုံးအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်နိုင်ရေး အရေးကြီးပါကြောင်း၊ မိခင်ဝမ်းတွင်းမှ သက်ကြီးရွယ်အိုအထိ ပြည်သူတို့၏ အကျိုးကို ထမ်းရွက်နေသည့် လုပ်ငန်းဆောင်တာများကို သင်ယူလေ့လာပြီး အကောင်းဆုံး၊ အကျိုးရှိဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)ရေးဆွဲထားရှိမှုအခြေအနေများ၊ နည်းဥပဒေ(မူကြမ်း) အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းထားရှိမှု၊ အစည်းအဝေးများကျင်းပဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည့်အချက်များ၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများပါဝင်သည့် ကော်မတီအစည်းအဝေးများ ကျင်းပနိုင်ရေးကိစ္စများ၊ သက်ကြီးရွယ်အိုဆိုင်ရာ ရန်ပုံငွေရရှိရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများ နိုင်ငံရေးပါတီ ၅၃ ပါတီမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*** ပြည်ထောင်စုမှ**

အခြေအနေ သတ်မှတ်ပြီး ပုဒ်မ ၄၁၈(က) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ယာယီသမ္မတက လွှဲအပ်ခဲ့ပါကြောင်း၊ ယင်းသို့ လွှဲအပ်သည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဟု မှတ်ယူရမည့်အပြင် လွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း၊ ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ နိုင်ငံတော်အာဏာ ၃ ရပ်ကို လွှဲအပ်ပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖေဖော်ဝါရီ ၅ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများနှင့် စပ်လျဉ်းပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှုတစ်စုံတစ်ရာ မရှိကြောင်းကို ဖေဖော်ဝါရီ ၅ ရက်စွဲဖြင့် လည်းကောင်း၊ ရွေးကောက်ပွဲကာလတွင် မဲစာရင်းကောက်ယူပြုစုခြင်း၊ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် မဲပေးခြင်း စသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများကို သိရှိသည့် ပြည်သူများမှ တိုင်ကြားနိုင်ရန် အသိပေးကြေညာချက်နှင့် မဲစာရင်းကွာဟမှုများကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသုံးပြုခဲ့သည့် မဲစာရင်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရရှိသည့် လူဦးရေစာရင်းများ၊ မြေပြင်အခြေအနေများနှင့် ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိချက်များအား ထုတ်ပြန်သွားမည်ဖြစ်ကြောင်းတို့ကို ဖေဖော်ဝါရီ ၁၁ ရက်စွဲဖြင့် လည်းကောင်း၊ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေရှိ မြို့နယ် ၈ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုများကို ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုများကို ဖေဖော်ဝါရီ ၂၂ ရက်တွင်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့် စစ်ဆေးတွေ့ရှိချက်များကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ဖေဖော်ဝါရီ၂၄ ရက်တို့တွင် လည်းကောင်း၊ လွှတ်တော်ကိုယ်စားပြုကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင် လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ မဲစာရင်း စိစစ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင်ပါရှိသော ပထမလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကျင်းပပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းကို ပြုစုသွားမည်ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းသည် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာဖြစ်ရမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများကို တည်ငြိမ်အေးချမ်းပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပိုမိုကောင်းမွန်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှ အခက်အခဲများ၊ အကြံပြုချက်များရှိပါက အကြံပြုပေးကြပါရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် ရောက်ရှိနေသည့်နေရာတွင် ဆန္ဒမဲပေးခြင်းဆိုင်ရာများ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာများ၊ ရွေးကောက်ပွဲစနစ် ပြင်ဆင်ရေး၊ လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် အရေးယူဆောင်ရွက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတပြီး အောင်မြင်စွာ ကျင်းပပေးရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့)မြို့နယ်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တို့၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၀၇၂၃၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် (၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၇၄၅၁ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၁၉၁၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၁၅ ဦး၊ (၂)ကြိမ်ပါဝင်နေသူများမှာ ၁၁၉၄၂ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့)မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၆၂၅၈၅ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၂၂၅၄၆ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၂၂၈၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၇၂ ဦး၊ (၂)ကြိမ်ပါဝင်နေသူများမှာ ၁၃၃၇၈ ဦးဖြစ်သည်။

၄။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၂၄၉၁၃ ဦး ဖြစ်ပြီး၊ စိစစ်တွေ့ရှိရသည့်စာရင်းမှာ ၃၂၈၅၉၇ ဦး ဖြစ်သဖြင့် ၃၆၈၄ ဦး ကွာခြားလျက်ရှိသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် (၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၇၉၃၁၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၃၃၁၈ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူ များမှာ ၂၇၅၁ ဦး၊ (၂)ကြိမ်ပါဝင်နေသူများမှာ ၃၄၆၆၄ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရခိုင်ပြည်နယ်<br>စစ်တွေမြို့နယ်<br>မဲရုံပေါင်း ၁၀၈ ရုံ | ၁၀၇၂၃၂ | ၁၁၇၄၅၁ | ၂၁၉၁၄ | ၁၅၁၅ | ၁၁၉၄၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး<br>လှိုင်သာယာ(အရှေ့)<br>မြို့နယ်<br>မဲရုံပေါင်း ၃၄၉ ရုံ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၇၂၂၈၈ | ၃၇၂ | ၁၃၃၇၈ |
| ၃ | ရှမ်းပြည်နယ်<br>တောင်ကြီးမြို့နယ်<br>မဲရုံပေါင်း ၂၄၅ ရုံ | ၃၂၄၉၁၃ | ၂၇၉၃၁၅ | ၂၃၃၁၈ | ၂၇၅၁ | ၃၄၆၆၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၂၈-၂-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၁-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ် ဗီဇာထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ အခြေခံပညာကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) တို့သို့ သွားရောက်၍ သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။



လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက အခြေခံပညာကျောင်းများ၏ အဓိကကျသော စာသင်ဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ သန့်စင်ခန်း၊ ရေ၊ မီး စသည့် အခြေခံအချက်အလက်များကို အဓိကထား၍ ပြုပြင် ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သာယာရေးနှင့် ဝန်ထမ်းအိမ်ရာကဲ့သို့သော အသေးစိတ်လိုအပ်ချက်များကို ဖြည့်ဆည်းပြင်ဆင်ထားကြရန် လိုပါကြောင်း၊ လစ်လပ်နေသည့် ကျောင်းအုပ်များ အမြန်ဆုံးခန့်ထား ဖြည့်ဆည်းပေးသွားရန်ဖြစ်ပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်ရေးအတွက် အလေးထားဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ မိမိကျောင်းအတွက် ဖြည့်ဆည်းရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း၊ လိုအပ်ချက်အမှန်ကို တင်ပြမှသာ မှန်ကန်သော ဖြည့်ဆည်းမှုဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့လယ်ကျောင်း၊ မြို့စွန်ကျောင်း ခွဲခြားမှုမပြုဘဲ ကျောင်းများ၊ ဆရာ ဆရာမများအားလုံး တန်းတူအခွင့်အရေးရရှိရန် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ညီမျှစွာဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ယူမှုအခွင့်အလမ်း တူညီစွာရရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ဆရာ ဆရာမများက မိမိတို့၏ အခက်အခဲများနှင့် သိလိုသည်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)သို့ သွားရောက်၍ နည်းပညာနှင့်သက်မွေးပညာသင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့်စီမံခန့်ခွဲရေး ပြင်ဆင်ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာ ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းနှင့် လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်အတွက် နိုင်ငံတကာနှင့်ပူးပေါင်း၍ ဒေသထွက် စားသောက်ကုန်ကြမ်းများအသုံးပြုကာ အစားအသောက်နှင့် မုန့်မျိုးစုံထုတ်လုပ်ရေး နည်းပညာသင်တန်းများဖွင့်လှစ်ရေးနှင့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်၊ ပြုပြင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ် (Civil Engineering)၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာဘာသာရပ် (Electronic Engineering)၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ်(Electrical Power Engineering)၊ စက်မှုစွမ်းအား အင်ဂျင်နီယာဘာသာရပ် (Mechanical Engineering) နှင့် သုတနည်းပညာ အင်ဂျင်နီယာဘာသာရပ်(Information Technology) စသည့် ပုံမှန် AGTI သင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ကျွမ်းကျင်မှုဆိုင်ရာ ကာလတိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းကျောင်း (နေပြည်တော်)တို့ကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့မစျေးအနောက်ဘက်လမ်း (စိန်ပန်းလမ်း)ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ဆီဆိုင် ဖေဖော်ဝါရီ ၂၆။** ။မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြို့မစျေးအနောက်ဘက်လမ်း(စိန်ပန်းလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးထန်ဒေါ်တွန်ထံမှ သိရသည်။

ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၁၅ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းဖြူအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အရှည် ပေ ၇၆၀၊ အကျယ် ၁၈ ပေ၊ ဒု ကိုးလက်မရှိ ဆီဆိုင်မြို့မစျေးအနောက်ဘက်လမ်း(စိန်ပန်းလမ်း)ကတ္တရာခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူခြင်းနှင့် ထိုးနှံခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ် ဖိလစ်ပိုင်သမ္မတ ဒူတာတေး လက်မှတ်ရေးထိုး

**မနီလာ ဖေဖော်ဝါရီ ၂၆**

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူခြင်းနှင့် ထိုးနှံခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ယနေ့လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ် ဥပဒေကြမ်းတွင် အမျိုးသားလျော်ကြေးရန်ပုံငွေတစ်ရပ်ပါရှိသည်။ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် သေဆုံးသွားခြင်း သို့မဟုတ် နာတာရှည်ရောဂါတစ်မျိုးမျိုးခံစားရခြင်း သို့မဟုတ် တစ်မျိုးမျိုးသော ပြင်းထန်သည့် ရောဂါလက္ခဏာများ ခံစားရပါက မည်သူမဆို လျော်ကြေးငွေ ရရှိမည်ဖြစ်ကြောင်း အဆိုပါ ဥပဒေကြမ်းတွင် ပါရှိသည်။

ယင်းဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်သွားမည်ဖြစ်ကြောင်း သမ္မတဒူတာတေး၏ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရိုကူးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်မည်ဖြစ်ပြီး တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုသွားမည်ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရက ယခုနှစ်အတွင်း ပြည်သူ သန်း ၇၀ အား ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်သားများကို ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၇၁၃၂၇ ဦးရှိပြီး သေဆုံးသူ ၁၂၂၄၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**





# ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဧပြီလအကုန်တွင် ဖြန့်ဖြူးပေးသွားမည်

**တိုကျို ဖေဖော်ဝါရီ ၂၆**

ဂျပန်နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဧပြီလအကုန်တွင် ခရိုင်များအားလုံးသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းဆိုင်ရာဝန်ကြီး ကိုနိုတာရိုက ယနေ့ပြောကြားသည်။

ဂျပန်နိုင်ငံအစိုးရနှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer တို့အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ကြောင်း ၎င်းက သတင်းထောက်များကို ယနေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးနိုင်ရန် လုံလောက်သော ကာကွယ်ဆေးအရေအတွက်ကို ယခုရရှိခဲ့သော သဘောတူညီချက်အရ ဧပြီလအကုန်တွင် ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့သော် အဆိုပါဆေးဝါးထောက်ပံ့ရေးအစီအစဉ်ကို ဆောင်ရွက်ရန်အတွက် ဥရောပသမဂ္ဂ၏ အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာအစိုးရများ၏ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ အား ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းကာကွယ်ဆေးထိုးအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းများ အဆင်ပြေခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုခံယူသူများတွင် ဘေးထွက်ဆိုးကျိုးတစ်စုံတစ်ရာ ခံစားရခြင်းမရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါကြောင့် အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်၌ ၉ တန်းမှ ၁၁ တန်းအထိ ကျောင်းသားအားလုံးကို စာမေးပွဲမဖြေဘဲ အအောင်ပေး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနိုင်ငံတောင်ဘက် တမီလ်နာဒူးပြည်နယ်တွင် ၉ တန်း၊ ၁၀ တန်းနှင့် ၁၁ တန်းကျောင်းသားအားလုံးကို စာမေးပွဲဖြေစရာမလိုဘဲ အတန်းတင်ပေးမည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာလိုက်သည်။

ပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် အယ်ဒါပါဒီ ကေပါလာနစ်ဝါမီက ယခုကဲ့သို့ကြေညာခဲ့ခြင်း ဖြစ်သည်။

ပုံမှန်မဟုတ်သောအခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသော ကျောင်းဆရာများနှင့် ကျောင်းသားများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကျောင်းသားမိဘများ၏ ထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားခဲ့ပြီးနောက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စာမေးပွဲဖြေဆိုရမည့် ၉ တန်း၊ ၁၀ တန်းနှင့် ၁၁ တန်းကျောင်းသား၊ ကျောင်းသူအားလုံးကို စာမေးပွဲဖြေဆိုခြင်းမရှိဘဲ အတန်းတင်ပေးရန် ပြည်နယ်အစိုးရက ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

ကျောင်းသား ကျောင်းသူများသည် ၎င်းတို့၏ သင်ခန်းစာများကို နိုင်ငံပိုင်ပညာရေးတီဗွီချန်နယ်မှတစ်ဆင့် တစ်နှစ်ပတ်လုံးသင်ယူခဲ့ကြပြီး ကျောင်းဆရာများနှင့် ကျောင်းသားများ၏ လက်တွေ့အခက်အခဲများကို ထည့်သွင်းစဉ်းစားကာ ကျောင်းသင်ရိုးညွှန်းတမ်းများကိုလည်း လျှော့ချခဲ့ကြောင်း ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

ပြည်နယ်အစိုးရသည် ၁၀ တန်းနှင့် ၁၂ တန်းကျောင်းသားများ၏ သင်ခန်းစာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ပြန်လည်စတင်ခဲ့ပြီး ၁၂ တန်းကျောင်းသားများအတွက် စာမေးပွဲကို မေ ၃ ရက်မှ ၂၁ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ ပြည်နယ်စာစစ်ဘုတ်အဖွဲ့သည် ၁၂ တန်း စာမေးပွဲများကို ပုံမှန်မတ်လအတွင်း ကျင်းပလေ့ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်တွင် မေလသို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

တမီလ်နာဒူးပြည်နယ်သည် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ အများဆုံးထိခိုက်လျက်ရှိသည့် ပြည်နယ်ခုနစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၀၆၅၅၂ ဦးရှိပြီး ၎င်းတို့အနက် ၁၅၆၈၉၀ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

# ဘရာဇီးနိုင်ငံက အိန္ဒိယနိုင်ငံထုတ် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ဝယ်ယူ

**ရီယိုဒီဂျနေးယိုး ဖေဖော်ဝါရီ ၂၆**

ဘရာဇီးနိုင်ငံက အိန္ဒိယနိုင်ငံ Bharat Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covaxin အလုံးရေ သန်း ၂၀ ဝယ်ယူရန် ယနေ့စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

Covaxin ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ကို မတ်လနှင့် မေလအတွင်း ဘရာဇီးနိုင်ငံသို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း အဆိုပါ စာချုပ်တွင် သဘောတူညီခဲ့ကြသည်။

Covaxin ကာကွယ်ဆေးအတွက် အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ ကို သုံးစွဲခဲ့ပြီး ပထမအသုတ် ကာကွယ်ဆေးအလုံးရေ ရှစ်သန်းကို မတ်လတွင် လက်ခံရရှိမည်ဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ဘရာဇီးနိုင်ငံသည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများကို အမြန်ဆုံး ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တိုးမြှင့်ဝယ်ယူလျက်ရှိသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ဒုတိယအများဆုံး နိုင်ငံဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းအသစ်များကို လွန်ခဲ့သော ရက်သတ္တပတ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၅၄၁ ဦး ထပ်မံသေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း ဗိုင်းရပ်စ်စတင် ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ်သေဆုံးမှု အရေအတွက် ဒုတိယအမြင့်ဆုံး ဖြစ်သည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၅၁၆၆၁ ဦး ရှိလာခဲ့ပြီ ဖြစ်သည်။

အလားတူ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၉၉၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၃၉၃၈၈၆ ဦး ရှိလာခဲ့သည်။ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ဘရာဇီးနိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် တတိယအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။




**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**


# ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွစခန်းများအား အမေရိကန်က လေကြောင်းမှ တိုက်ခိုက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်ထောက်ခံသည့် အစိုးရဆန့်ကျင်သော စစ်သွေးကြွစခန်းများကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုများ ဆင်နွှဲခဲ့ရာ စစ်သွေးကြွ ၂၂ ဦးသေဆုံးခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များအား စစ်သွေးကြွအဖွဲ့များ၏ တိုက်ခိုက်ခဲ့မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို သမ္မတဂျိုးဘိုင်ဒင်က အမိန့်ပေးညွှန်ကြားခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွစခန်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။




ပင်တဂွန်စစ်ဌာနချုပ်က အဆိုပါလေကြောင်းတိုက်ခိုက်မှုကို အချိုးကျတုံ့ပြန်မှုဟု အမည်ပေးထားသည်။

ယခုလအစောပိုင်းတွင် အီရတ်နိုင်ငံ အာဘေလ်မြို့ရှိ အမေရိကန်ကာကွယ်ရေး အခြေစိုက်စခန်းတစ်ခုအား စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုတွင် ရှီးယိုက်စစ်သွေးကြွများအသုံးပြုလျက်ရှိသည့် စစ်စခန်းများကို ထိမှန်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အောစတင်းက ဆိုသည်။

ယခုလေကြောင်းတိုက်ခိုက်မှုသည် ဝါရှင်တန်နှင့် တီဟီရန်တို့အကြား ဆက်ဆံရေးတင်းမာနေသည့်အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအနေဖြင့် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုးကား-အင်န်အီတီချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# အင်ဒိုနီးရှားနိုင်ငံ၌ တရားမဝင် ရွှေမိုင်းတစ်ခုပြိုကျ အနည်းဆုံး ခြောက်ဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံ၌ တရားမဝင်ရွှေမိုင်းတစ်ခု ပြိုကျခဲ့ရာ အနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ပြီး အများအပြား မြေကြီးအောက်တွင် ပိတ်မိသွားခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရွှေမိုင်းသည် ဆူလာဝီစီခရိုင်တွင် တည်ရှိပြီး ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ရွှေမိုင်းပြိုကျမှုကြောင့် မြေကြီးအောက်တွင် ရောက်ရှိနေသူများအနက် ၁၅ ဦးအား ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သို့သော် ရွှေမိုင်းအနီးရှိ မြစ်တစ်စင်းမှ ရေများ ရွှေမိုင်းအတွင်းသို့ စီးဝင်လျက်ရှိသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံရှိ တရားမဝင်ရွှေမိုင်းများသည် တူးဖော်ရေးလုပ်သားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။

**ကိုးကား-အင်န်အီတီချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံမှလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် အာဂျင်တီးနားနိုင်ငံသို့ရောက်ရှိ

**ဗြူနိုအေးရိစ် ဖေဖော်ဝါရီ ၂၆**

တရုတ်နိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်သည် အာဂျင်တီးနားနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဝန်ကြီးအဖွဲ့ အကြီးအကဲ ဆန်တီဂိုကေဖီရို၊ နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီဆိုလာ၊ ကျန်းမာရေးဝန်ကြီး ကာလာဗီဇိုတီ၊ အာဂျင်တီးနားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇူရှောင်လီတို့က အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဗြူနိုအေးရိစ်မြို့တောင်ပိုင်းဒေသတွင် တည်ရှိသော အီဇီဇာအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လက်ခံရယူခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အာဂျင်တီးနားသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်စ်တို့အကြား သဘောတူညီချက်များ ရရှိခဲ့ကြောင်း ဇူရှောင်လီက ပြောကြားသည်။

"ယခုအချိန်မှာ အဆိုပါ သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းအားထုတ်ခဲ့တဲ့ အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဂျင်တီးနားနိုင်ငံ ဆေးဝါးနဲ့ အစားအသောက် ကွပ်ကဲရေးဌာနနဲ့ တရုတ်နိုင်ငံ Sinopharm ဆေးဝါးကုမ္ပဏီတို့ကို ကျေးဇူးတင်ရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံ အကြားတွင် ဆေးပညာရှင်များ အချင်းချင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် အတွေ့အကြုံများဖလှယ်ခဲ့ကြပြီး ဆေးဝါးဆိုင်ရာလက်တွေ့စမ်းသပ်မှုများနှင့် ဆေးဝါးသယ်ယူပို့ဆောင်ရေးတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ဇူရှောင်လီက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံမှ ဆေးဝါးများ ရောက်ရှိလာခြင်းသည် နှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံက အာဂျင်တီးနားနိုင်ငံအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် အခြားလိုအပ်သော ဆေးဝါးဘက်ဆိုင်ရာ အကူအညီများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**






# မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ငါးသိန်းနီးပါးရှိလာ

**ရာဘတ် ဖေဖော်ဝါရီ ၂၆**

အာဖရိကတိုက် မြောက်ပိုင်းရှိ မော်ရိုကိုနိုင်ငံ၌ ယမန်နေ့တွင် ရောဂါကူးစက်ခံရသူ ၃၈၆ ဦး ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူပေါင်းမှာ ၄၈၂၅၁၄ ဦးရှိလာကြောင်း မော်ရိုကိုအစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ယင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူပေါင်းမှာ ၄၆၇၅၄၁ ဦး အထိရှိလာပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ယင်းရောဂါဖြင့် သေဆုံးသူ ခြောက်ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၈၅၉၈ ဦးရှိသည်။ လတ်တလောတွင် ရောဂါပြင်းထန်၍ အထူးကြပ်မတ်ကုသမှုပေးနေရသည့် လူနာဦးရေမှာ ၄၅၃ ဦးရှိကြောင်း အစိုးရ၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

မော်ရိုကိုနိုင်ငံမှ ပြည်သူဦးရေ ၃၁၆၀၄၇၉ ဦးမှာ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးဖြစ်သည်။

**စတင်လုပ်ဆောင်ခဲ့**

အာဖရိကတိုက်မြောက်ပိုင်းရှိမော်ရိုကိုနိုင်ငံတွင် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမအကြိမ် ရောက်ရှိလာပြီးနောက် ဇန်နဝါရီ ၂၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ရက်ပေါင်း ၃၇ ရက်အတွင်း အမေရိကန်ပြည်သူ သန်း ၆၀ ကျော် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူဦးရေ သန်း ၆၀ ကျော် ရှိပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

သမ္မတရာထူးတာဝန်များ စတင်ထမ်းဆောင်သည့်အချိန်မှစပြီး ယခုအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ သန်း ၆၀ ကျော် ရှိပြီဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

သမ္မတအဖြစ် တာဝန်ထမ်းဆောင်သည့် အချိန်ကာလမှ ယနေ့အထိ ၃၇ ရက်သာရှိသေးကြောင်းနှင့် အဆိုပါကာလအတွင်း ပြည်သူ သန်း ၆၀ ကျော်အား သတ်မှတ်ရက်ထက် စောစီးစွာ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။ ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ သန်း ၁၀၀ အား ကာကွယ်ဆေးထိုးနှံပြီးဖြစ်ရမည်ဟု ၎င်းပြောခဲ့သည့်အတိုင်း အထမြောက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆက်လက်ပြောကြားခဲ့သည်။

အသက် ၆၅ နှစ်အထက် ပြည်သူ ၅၀ ရာခိုင်နှုန်းနီးပါးသည် အနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်သည်။

ဇူလိုင်လမကုန်မီ အရွယ်ရောက်ပြီးပြည်သူအားလုံးအတွက် ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ ကာကွယ်ဆေးများ လုံလောက်စွာဖြန့်ချိပေးနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဆိုသည်။

ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေမှုများရှိလင့်ကစား ကာကွယ်ဆေးထိုးနှံမှုခံယူရန် ငြင်းဆန်သည့် ပြည်သူများလည်း လက်ရှိအချိန်တွင် ရှိနေသေးကြောင်း သမ္မတ ဘိုင်ဒင်က ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံခြင်း၏ ဘေးကင်းမှုနှင့် အကျိုးရှိပုံများအပေါ် အသိပညာပေးဟောပြောမှုများကိုလည်း နိုင်ငံအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဘိုင်ဒင်က ဆိုသည်။



ဖေဖော်ဝါရီ ၂၅ ရက်အထိ အမေရိကန်လူဦးရေ၏ ၁၄ ရာခိုင်နှုန်းကို ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# နိုင်ဂျီးရီးယား၌ ကာကွယ်ဆေးထိုးနှံရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချ

**လာဂို့စ် ဖေဖော်ဝါရီ ၂၆**

နိုင်ဂျီးရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်တွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ရှိသူများက သင်တန်းများပို့ချခဲ့ကြောင်း သိရသည်။

ပထမအဆင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်း ၁၃၀၀၀ အား သင်တန်းများပို့ချခဲ့ကြောင်း အဘူဂျာမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အမျိုးသား အခြေခံကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအကြီးအကဲ ဖေဇယ် ရှုအက်က ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ နိုင်ငံအတွင်းရောက်ရှိလာသည့်အချိန်တွင် ထိရောက်စွာ ကိုင်တွယ်သုံးစွဲ၊ စီမံခန့်ခွဲတတ်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းရည်မြင့်တက်လာစေရန် ယခုကဲ့သို့ သင်တန်းများပို့ချရခြင်းဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံသားများအား အွန်လိုင်းမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး အစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်ရန် ဝက်ဘ်ဆိုက်ကို ထူထောင်ထားရှိကြောင်း ရှုအက်ကပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်တွင် ပါဝင်ခြင်းအားဖြင့် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုလည်း တားဆီးရာရောက်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ဂျီးရီးယားအစိုးရသည် နိုင်ငံသား သန်း ၁၀၀ ကျော်အား နှစ်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းထားကြောင်းနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ လေးသန်းကို မကြာမီ ရရှိမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့၏ အကြီးအကဲ မူစတာဖာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့လျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိရကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယမန်နေ့တွင်ပြောကြားခဲ့သည်။

နယူးယောက်မြို့တော်၌ ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုး ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကယ်လီဖိုးနီးယားနည်းပညာအင်စတီကျူနှင့် ကိုလံဘီယာတက္ကသိုလ်တို့၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။ အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူး စက်ပျံ့နှံ့မှုနှင့် ပတ်သက်ပြီး သည်နယူးယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြခဲ့သည်။

အဆိုပါကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်တွင် ကာကွယ်ဆေးများကို ခုခံကာကွယ်နိုင်သည့် သန္ဓေပြောင်းလဲမှုများရှိကြောင်း လေ့လာတွေ့ရှိချက်များအရ သိရသည်။

ဗီဇပြောင်းဗိုင်းရပ်စ်အားလုံးသည် လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နိုင်ခြင်းမရှိသည့်အတွက် စိုးရိမ်ပူပန်စရာမလိုအပ်ကြောင်း နယူးယောက်မြို့တော် ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင်လည်း ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုး ကူးစက်ပျံ့နှံ့လျက်ရှိသည်ဟု လေ့လာတွေ့ရှိချက်များက ဖော်ပြကြောင်း ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။

ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများအပေါ် လေ့လာတွေ့ရှိချက်များကို ထုတ်ပြန်ကြေညာခဲ့ခြင်း မပြုခဲ့သော်လည်း အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုးသည် ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ သိသိသာသာ ပျံ့နှံ့လျက်ရှိကြောင်း သိရ သည်။

နယူးယောက်မြို့တော်နှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်များသည် မူလကိုဗစ်-၁၉ ရောဂါထက် ပိုမိုပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရသလားဆိုသည်ကိုမူ လက်ရှိအချိန်အထိ မသိရသေးပေ။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံမှုကို ယနေ့တွင် စတင်ခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှု၏ ကနဦး အစီအစဉ်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်သည့် ဌာနများ၌ တက်ရောက်နေသည့် အတွင်းလူနာများကို ဦးစားပေးထိုးနှံသွားရန် စီစဉ်ထားသည်။

ဗြိတိန်နိုင်ငံမှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများဖြစ်သည့် အက်စထရာဇီနီကာ ဆေးဝါးကုမ္ပဏီနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့တွင် စတင် ထိုးနှံပေးခဲ့သည်။ ယင်းကာကွယ်ဆေး ပထမအသုတ်ကို တောင်ကိုရီးယားကုမ္ပဏီတစ်ခုမှ ထုတ်လုပ်ခြင်းဖြစ်သည်။



ကာကွယ်ဆေးထိုးနှံမှု၏ ကနဦး အစီအစဉ်၌ အသက် ၆၅ နှစ်အောက်ရှိသည့် လူဦးရေ ၂၉၀၀၀၀ ဝန်းကျင်ကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ၎င်းတို့မှာ ဆေးရုံတင်ထားရသူများ သို့မဟုတ် ကာလရှည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသူများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရသည့် ဝန်ထမ်းများလည်း ပါဝင်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် လူဦးရေ ၅၂၀၀ ကျော်တို့အား ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးမှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ဇော်ဝင်း

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၃၆၅၄၂၇၁ | ဦး |
| သေဆုံးသူ | ၂၅၂၁၂၉၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၉၂၂၈၀၁၁ | ဦး |

# ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌ လူစုလူဝေးပြုလုပ်သည့်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌ လူစုလူဝေးပြုလုပ်သည့်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ခုံးကျော်တံတားအောက်တွင် လူစုလူဝေးအင်အား ၃၀၀၀ ကျော်ခန့်နှင့် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံတွင် လူစုလူဝေးအင်အား ၃၀၀၀ ကျော်ခန့်တို့သည် ယနေ့နံနက် ၈ နာရီတွင် ဆူပူဆန္ဒပြနေကြကြောင်း သတင်းရရှိသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ သွားရောက်ကာ အမိန့်ညွှန်ကြားချက်များနှင့်အညီ လူစုခွဲရန် အကြိမ်ကြိမ် သတိပေးပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ကာ ဆက်လက်ဆူပူဆန္ဒပြခဲ့ကြကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြသူအင်အားစုများအား ဥပဒေနှင့်အညီ (ဒိုင်း)များ အသုံးပြု၍ တွန်းထုတ်ခြင်းဖြင့် လူစုခွဲရန် ကြိုးစားခဲ့သော်လည်း လူစုမခွဲဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုရန် ကြိုးစားလာသဖြင့် အသံမြည်ဗုံးဖြင့် ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲရန် ကြိုးစားခဲ့ရကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်စေရေး ဦးစားပေးဆောင်ရွက်ခဲ့ပြီး ယာဉ်အချို့အား လမ်းများပေါ်တွင် ကန့်လန့်ဖြတ် ပိတ်ဆို့ထားခြင်းများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ခဲ့ရကြောင်း။

အဆိုပါဖြစ်စဉ်များတွင် ကန့်လန့်ဖြတ်ပိတ်ဆို့ထားသည့် ယာဉ်ခုနစ်စီး၊ ဆိုင်ကယ်သုံးစီး၊ စက်ဘီးနှစ်စီးနှင့် လူစုလူဝေးပြုလုပ်ကာ ဆူပူဆန္ဒပြသူ အမျိုးသား ၃၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားရှိပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြေနီကုန်းနှင့် လှည်းတန်းတို့တွင် ဥပဒေမဲ့ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ လူစုခွဲခဲ့ရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ် ကြေညာပြီးနောက် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအုံကြွမှု မဖြစ်စေရေး လုံခြုံရေးလုပ်ငန်းများကို နေ့၊ ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၁၀ နာရီခန့်မှစ၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံအနီး၌ အင်အား ၃၅၀၀ ခန့်ကလည်းကောင်း၊ ကမာရွတ်မြို့နယ် လှည်းတန်း လမ်းဆုံအနီး၌ အင်အား ၁၅၀၀ ခန့်က လည်းကောင်း ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ လုပ်ဆောင်သူများကို လူစုခွဲရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မေတ္တာရပ်ခံခဲ့ရာ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ကိုင်အသံချဲ့စက်များဖြင့် မကြားဝံ့မနာသာ ပြန်လည်ဆဲဆိုခြင်း၊ ရန်စခြင်းများကို ပြုလုပ်လာခဲ့သည့်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှု ဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာများသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်၍ လူငါးဦးသို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားရှိသည့် နေရာများဖြစ်ပြီး ယခုကဲ့သို့ ဆူပူဆန္ဒပြရာတွင် ပါဝင်ပတ်သက်သူအချို့ ဖမ်းဆီးရမိထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# တုတ်၊ ဓားကိုင်ဆောင်ထားသူများ၊ ထိုင်သပိတ်ပြုလုပ်၍ အော်ဟစ်ဆူပူလူစုလူဝေးကို လုံခြုံရေးတပ်ဖွဲ့က ဥပဒေနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ယုဇန လမ်းသွယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲက လူစုလူဝေးပြုလုပ်ကာ လမ်းအချို့အား အကာအရံ အတားအဆီးများဖြင့် ပိတ်ဆို့ခြင်း၊ ပလတ်စတစ် ပုံးကြီးများကို ထက်ခြမ်းခြမ်း၍ ရဲတပ်ဖွဲ့သုံး ဒိုင်းကြီးများသဖွယ် ပြုလုပ်၍ တုတ်/ ဓား ကိုင်ဆောင်ထားသူ ၂၅၀ ကျော်ခန့်မှာ ထိုင်သပိတ်ပြုလုပ်၍ ကြွေးကြော်သံများဖြင့် အော်ဟစ် ဆူပူလူစုလူဝေး ပြုလုပ်နေကြောင်း သိရသည်။

သတင်းရရှိလျှင်ရရှိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး အဆိုပါနေရာသို့ သွားရောက်ခဲ့ရာ တပ်ဖွဲ့ဝင်များအား ခဲများဖြင့်ပစ်ပေါက်ခြင်း၊ လောက်လေးဂွများဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အသံမြည်ဗုံးအသုံးပြု၍ ပွိုင့် ၁၂ ဗုံ့ဖြင့် အသံပေးခြောက်လှန့် ပစ်ခတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖော်ပြပါဖြစ်စဉ်တွင် ပါဝင်ဆူပူအော်ဟစ်လှုပ်ရှားသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၂၅ဦးတို့ကိုဖမ်းဆီးထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး တရားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၉ စီး၊ သွင်းကုန် ၁၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၀၀ သန်း တန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Spy Wine (275 ml) (1x24) ,C/O-Thai (40 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်းသိရ သည်။

**သတင်းစဉ်**

❍

# နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်၊ စည်းကမ်း၊ ကျင့်ဝတ်

## ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၂)

### ဒေါင်

နွေဦးရဲ့နေ့လယ်ခင်းက တိတ်ဆိတ်၍နေသည်။ ဆယ်အိမ်ခေါင်း ကိုသံချောင်း အွန်လိုင်းကနေ လမ်းပေါ်ဆန္ဒပြသည့် သတင်းများကြည့်လိုက်၊ နာမည်ရှေ့တွင် နွေဦးထည့်၍ ခေါ်ကြသည်ကို ကြည့်ရင်း မိမိအမည်ကိုပင် နွေဦးသံချောင်းဟု ပြောင်းလဲချင်လာမိသည့်အခိုက်..။ အတွေးမဆုံးမီ အိမ်အောက်ထပ်မှ ဆူဆူညံညံ အသံများကြောင့် လှမ်း၍နားစွင့်မိသည်။ ညီဖြစ်သူနှင့် စကားလက်ဆုံကျနေသည့်အသံ။

"နိုင်ငံ့ဝန်ထမ်းတွေ CDM မလုပ်တာက နိုင်ငံတော်ကို သစ္စာမရှိတာဘဲ။ ကျွန်မကတော့ အဲဒီလို မလုပ်၊ မရှုပ်၊ မပြုတ်ဝန်ထမ်းတွေကို အရှက်ခွဲကိုခွဲရမှ ကျေနပ်တယ်။ ရပ်ကွက်ထဲက အလုပ်ကိုသွားနေတဲ့ ဝန်ထမ်းတွေရှိရင် ကျွန်မကိုပြောနော်။ ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်(Facebook) တင်ပစ်လိုက်ဦးမယ်"

အာပေါင်အာရင်းသန်စွာဖြင့်ပြောနေသူကား ဘေးအိမ်မှ ဘွဲ့ရအပျိုကြီး မစာဥဖြစ်၏။ ကိုသံချောင်းတစ်ယောက် အသည်းအသန် အောက်ကို ပြေးဆင်းရင်း..

"နိုင်ငံ့ဝန်ထမ်းက ရုံးသွားတာကို ဘယ့်နှယ် ကြောင့် အရှက်ခွဲရမှာတုံး။ ကြံကြံဖန်ဖန်ဗျာ။ အလုပ်ဟူသမျှဂုဏ်ရှိစွတို့၊ လုပ်အားဖြင့်နိုင်ငံတည် တို့ပဲ ကြားဖူးတာ။ ခင်ဗျားအလှည့်ကျမှ ရုံးဝန်ထမ်း တွေ ရုံးမသွားဘဲ နေကြရမလားဗျာ"

"ရှင်က ဆယ်အိမ်ခေါင်းဖြစ်ပြီး နိုင်ငံရေးအမြင် အားနည်းတယ်နော်။ CDM လုပ်နေကြတာ ရှင်မသိ ဘူးလား။ ဝန်ထမ်းအားလုံး CDM မလုပ်ရင် မဖြစ် ဘူး။ ဒါက လုပ်ကိုလုပ်သင့်တာ။ အလုပ်သွားစရာ လုံးဝမလိုဘူး"

"အပျိုကြီး ခင်ဗျားဦးနှောက် အားဆေးဝယ် သောက်လေဗျာ။ ဝန်ထမ်းဆိုတာ ဘယ်အစိုးရ တက်တက် နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အလုပ် လုပ်တာဗျ။ ဘယ်အစိုးရအတွက်ဆိုပြီး ရွေးလုပ် လို့ရကောင်းလားဗျာ"

"အို..ရှင်မသိပါဘူး။ ဆရာဝန်တွေ၊ အင်ဂျင် နီယာတွေ၊ ဘဏ်ဝန်ထမ်းတွေကစလို့ နိုင်ငံ့ဝန်ထမ်း တွေလုပ်နေကြတာ။ သူတို့ကို ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းတွေလည်း အများကြီးပဲ။ နေစရာ၊ စားသောက်စရာနဲ့ လစာတွေတောင်ပေးထားကြ တာတဲ့။ ကိုယ်ကြိုက်တဲ့ အစိုးရမတက်မချင်း အလုပ်မဆင်းကြဘူးတဲ့။ ရုံးမတက်နဲ့ ရုန်းထွက်တဲ့။ အလုပ်မသွားကြလို့ အချို့ရုံးတွေဆိုရင် အလုပ် တာဝန်တွေ အခက်အခဲဖြစ်လာကြသတဲ့"

"အဲဒီတော့ တိုင်းပြည်က ကောင်းစားသွားရော လားဗျာ။ ထောက်ပံ့တဲ့အဖွဲ့အစည်းဆိုတာရော ဘယ်ကအဖွဲ့အစည်းတွေလဲဗျ။ ကျွန်တော်ဖြင့် ပေါ်ပေါ်ထင်ထင် မတွေ့ပါဘူး။ မြေအောက်အဖွဲ့ အစည်းတွေထင်ပါရဲ့။ ဒါနဲ့ ဌာနအကြီးအကဲတွေက ဝန်ထမ်းတွေ အဲဒီလိုလုပ်တာကို ဘာမှအရေး မယူဘူးလားဗျ။ နိုင်ငံ့ဝန်ထမ်းတွေမှာ လိုက်နာရမယ့် တာဝန်တွေရှိတယ်ဗျ။ ၂၀၁၇ ခုနှစ်မှာ ဝန်ထမ်း တွေဖတ်ရှုဖို့ ထုတ်ဝေထားတဲ့ ဝန်ထမ်းကျင့်ဝတ် စာအုပ်ထဲမှာ ကျွန်တော်ဖတ်ဖူးတယ်။ နိုင်ငံတော် ရဲ့ကျေးဇူးသစ္စာကို စောင့်သိရိုသေဖို့၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်တွေ ကိုလိုက်နာဖို့၊ ပေးအပ်ထားတဲ့တာဝန်တွေ၊ ဝတ္တရား တွေကို ကျေပွန်အောင်ထမ်းဆောင်ဖို့၊ ပါတီနိုင်ငံ ရေးကင်းရှင်းဖို့ ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးဖို့ စတာတွေပါတယ်လေဗျာ"

"ဒါဆိုရင် မလိုက်နာတဲ့ဝန်ထမ်းတွေကျ တာဝန်ချိုးဖောက်တယ်လို့ ပြောချင်တာလား ကိုသံချောင်းရဲ့။ အခုလှုပ်ရှားမှုက နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်ပဲ မဟုတ် လား"

"အပျိုကြီး ဒီတစ်ချက်တော့ အတော်မှားနေ ပြီဗျာ။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အကျိုးစီးပွား လည်းပြောသေး ဆရာဝန်တွေက ဆေးမကုကြတော့ ဘူးဆိုရင် လူနာတွေ ဘယ်လောက်ဒုက္ခရောက်ကြ မလဲဗျာ။ ဆရာတွေက စာမသင်ကြဘူးဆိုရင် ကလေးတွေ ပညာရေးမတွေးဝံ့ပေါင်ဗျာ။ ဝန်ထမ်း တွေက ရုံးအလုပ်တွေမလုပ်ကြဘူးဆိုရင်တော့ အတော်လေးထိရောက်တဲ့ကမ်ပိန်းပေ့ါဗျာ။ ပြည်သူ တွေအတွက် ကောင်းကျိုးမဟုတ်ဘူး။ ဆိုးကျိုးဖြစ် တာပါဗျာ။ အစ်မကြီးနားလည်အောင်ပြောရရင် ဝန်ထမ်းတွေမှာ အလုပ်ချိန်နဲ့ဆိုင်တဲ့ စည်းကမ်း တွေရှိတယ်ဗျ။ လုံလောက်တဲ့အကြောင်းမရှိဘဲ အလုပ်ချိန်နောက်ကျလို့မရသလို အလုပ်ထဲက လည်း စောပြီးမဆင်းရဘူးဗျ။ ခွင့်စည်းကမ်းဖောက်

**နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့ဆိုတာ မလွယ်ဘူးအပျိုကြီးရေ။ စည်းကမ်းချက်တွေလည်း အများကြီးရှိတာ။ လုပ်ငန်းခွင်ထဲမှာ ပြုမူဆက်ဆံဖို့အတွက် စည်းကမ်းတွေထဲက အချက်တချို့ကို ကျွန်တော်ပြောပြမယ်။ အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားအောင်လှုံ့ဆော်တာ၊ ပြုလုပ်တာ၊ လုပ်သူကိုအားပေးတာမျိုး တားမြစ်ထားတယ်ဗျာ။ နိုင်ငံတော်နဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမယ့် စာအုပ်စာတမ်းတွေ ရေးသားတာ၊ ဖြန့်ဝေတာမျိုးလည်း လုပ်လို့မရဘူး။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများထဲက နည်းဥပဒေ ၁၆၃မှာ နိုင်ငံတော်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့လှုပ်ရှားမှုတစ်ခုခုမှာ ပါဝင်တာ၊ လှုံ့ဆော်တာနဲ့ အားပေးကူညီတာမျိုးလည်း မလုပ်ရဘူးဆိုပြီး အတိအလင်းပြဋ္ဌာန်းထားတယ်ဗျ။**

**ဆက်ပြီးပြောရရင် နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းစဉ်အပေါ်တည်မှီပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ နည်းဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပေးအပ်တဲ့တာဝန်တွေကို ကျရာကဏ္ဍကနေ တာဝန်သိသိ၊ သစ္စာရှိရှိလုပ်သင့်တာမဟုတ်ဘူးလားဗျာ။ ဝန်ထမ်းတွေကို ခံစားခွင့်တွေ အများကြီး သတ်မှတ်ပေးထားတယ်။ ပင်စင်ခံစားခွင့်၊ မီးဖွားခွင့်၊ ရာထူးတိုးမြှင့်ခံစားခွင့် စသဖြင့် အများကြီးရှိပါတယ်။ ခံစားခွင့်တွေရှိသလို ထမ်းဆောင်ရမယ့် တာဝန်၊ လိုက်နာရမယ့် စည်းကမ်း၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကိုလည်း မမှိတ်မသုန် လိုက်နာသင့်တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။**

ပြီး ခွင့်မဲ့ပျက်တာ၊ ခိုင်လုံတဲ့အကြောင်းမရှိဘဲ ခွင့်ကုန်ဆုံးပြီး အလုပ်ခွင်ပြန်မရောက်တာမျိုး မလုပ် ရဘူးလို့ စည်းကမ်းချက်တွေရှိတယ်ခင်ဗျ"

"စိတ်ဝင်စားစရာပဲရှင့်။ ကျွန်မသိတာတော့ CDM လုပ်ရင် ဝန်ထမ်းတွေကို လစဉ်ထောက်ပံ့တဲ့ ပိုက်ဆံလည်းရမယ်။ အချိန်တန်လို့ ကိုယ့်အစိုးရ တက်လာရင် အလုပ်လည်း အရင်အတိုင်းပြန်ရမယ် တဲ့။ အဲဒီကျရင် CDM လုပ်တုန်းကလစာတွေကိုပါ စုဆောင်းပြီးသား ဖြစ်မယ်တဲ့။ ခုတိုင်းဆို ဘယ်လို ဖြစ်မလဲ သိချင်လာပြီ"

"နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့ဆိုတာ မလွယ်ဘူး အပျို ကြီးရေ။ စည်းကမ်းချက်တွေလည်း အများကြီးရှိ တာ။ လုပ်ငန်းခွင်ထဲမှာ ပြုမူဆက်ဆံဖို့အတွက် စည်းကမ်းတွေထဲက အချက်တချို့ကို ကျွန်တော် ပြောပြမယ်။ အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကို ဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ဖြစ်စေ ပျက်ပြားအောင် လှုံ့ဆော်တာ၊ ပြုလုပ်တာ၊ လုပ်သူကို အားပေးတာမျိုး တားမြစ်ထားတယ်ဗျာ။ နိုင်ငံတော်နဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက် စေမယ့် စာအုပ်စာတမ်းတွေရေးသားတာ၊ ဖြန့်ဝေ တာမျိုးလည်း လုပ်လို့မရဘူး။ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများထဲက နည်းဥပဒေ ၁၆၃ မှာ နိုင်ငံတော် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေတဲ့ လှုပ်ရှားမှုတစ်ခုခုမှာ ပါဝင်တာ၊ လှုံ့ဆော်တာနဲ့ အားပေးကူညီတာမျိုးလည်း မလုပ်ရဘူးဆိုပြီး အတိအလင်းပြဋ္ဌာန်းထားတယ်ဗျ"

"နိုင်ငံ့ဝန်ထမ်းဖြစ်ရတာလည်း အတော်ကို တင်းကျပ်တာပဲနော်။ ဒီလိုကျင့်ဝတ်တွေ၊ စည်းကမ်း တွေကို ဝန်ထမ်းတွေက မသိကြတာများလား"

"သိတဲ့သူရှိသလို သေသေချာချာမသိတဲ့ သူလည်း ရှိနိုင်တာပေ့ါဗျာ။ သတိမမူ ဂူမမြင် ဆိုသလို သိသလိုမသိသလိုဆိုရင်တော့ မဖြစ်ဘူးဗျ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ အရ ဝန်ထမ်းတစ်ဦးဟာ ကျင့်ဝတ်တွေမလိုက်နာဘူး၊ စည်းကမ်းတွေကို ဖောက်ဖျက်မယ်ဆိုရင် အရေးယူလို့ရပါတယ်။ ခိုင်လုံတဲ့အထောက်အထားတွေအရ အပြစ်ရှိ ကြောင်း ထင်ရှားနေတဲ့ ကိစ္စတွေမှာ ဝန်ထမ်းကို ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းမပြုဘဲတောင် ထိုက်သင့်တဲ့ ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကိုချမှတ်နိုင် တယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၀ မှာ ဖော်ပြထားတယ်ဗျ"

"ကျွန်မသိတာက ခွင့်နဲ့ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်ကနေ တစ်ဆက်တည်း ငါးနှစ် နေလို့ရ တယ်တဲ့။ ငါးနှစ်ကျော်ပြီးတဲ့ တစ်ရက်ကျတော့မှ ဝန်ထမ်းအဖြစ်က အလိုလို ရပ်ဆိုင်းတာလို့ ဆယ်လီ တစ်ယောက် လိုက်ဖ်(live)လွှင့်ထားတယ်လေ၊ အဲဒါကရောရှင့်"

"အဲဒီပြဋ္ဌာန်းချက်က နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၂ နဲ့ ၁၃အရ ပြောထားတာဖြစ်ပြီး အဲဒါကို လိုရာ ဆွဲပြောထားကြတာပါ။ အဲဒီပြဋ္ဌာန်းချက်က တာဝန် ကနေ ယာယီရပ်ဆိုင်းခြင်းခံရတဲ့အတွက် အလုပ်ခွင် ကနေ ကင်းကွာနေတဲ့ ဝန်ထမ်းတွေနဲ့မသက်ဆိုင် စေရဆိုပြီး နည်းဥပဒေမှာ ပါတယ်ခင်ဗျ။ နိုင်ငံ့ ဝန်ထမ်းဆိုင်ရာ အရေးယူခြင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ်တွေ အကြောင်းကို အသေးစိတ်သိချင်ရင် နိုင်ငံ့ဝန်ထမ်း ဥပဒေနဲ့ နည်းဥပဒေတွေမှာ ကိုယ်တိုင်သာ ရှာဖွေ ဖတ်ကြည့်ပေ့ါ။"

"ဆက်ပြီးပြောရရင် နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းစဉ်အပေါ်တည်မှီပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ နည်းဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပေးအပ်တဲ့တာဝန်တွေကို ကျရာကဏ္ဍကနေ တာဝန်သိသိ၊ သစ္စာရှိရှိလုပ်သင့်တာမဟုတ်ဘူး လားဗျာ။ ဝန်ထမ်းတွေကို ခံစားခွင့်တွေ အများကြီး သတ်မှတ်ပေးထားတယ်။ ပင်စင်ခံစားခွင့်၊ မီးဖွားခွင့်၊ ရာထူးတိုးမြှင့်ခံစားခွင့် စသဖြင့် အများကြီးရှိပါ တယ်။ ခံစားခွင့်တွေရှိသလို ထမ်းဆောင်ရမယ့် တာဝန်၊ လိုက်နာရမယ့်စည်းကမ်း၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကိုလည်း မမှိတ်မသုန် လိုက်နာ သင့်တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်"

"ဟုတ်ပါပြီရှင်။ အဲဒါဆိုရင်တော့ ဥပဒေနဲ့ အညီ တာဝန်၊ စည်းကမ်းနဲ့ ကျင့်ဝတ်တွေလိုက်နာ ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အနှောင့်အယှက် မပေးတော့ပါဘူး။ ပြီးခဲ့တဲ့ရက်က ရှင့်ကိုပြောခဲ့သလို ပေ့ါ။ ကျွန်မက ဒီမိုကရေစီစနစ်ကို ကြိုက်တယ်လေ။ စကားပြောကောင်းနေတာ ပြန်လိုက်ပါဦးမယ်ရှင့်။ ကျွန်မမိတ်ဆွေ CDM လုပ်နေတဲ့ဝန်ထမ်းတွေကို အကျိုးအကြောင်း ပြောပြလိုက်ဦးမယ်။ ဒါမှ သူတို့ ချင့်ချိန်နိုင်အောင်လို့လေ"

"ကောင်းပါပြီဗျာ။ စိတ်မချလို့ လိုက်ပို့ပေး ပါရစေ မစာဥရယ်"

"အို..ရှင်ကလည်း ခြံစည်းရိုးလေးတစ်ဖက် ကူးလိုက်တာနဲ့ ကျွန်မအိမ်ဆီ ရောက်ပြီးသားကို။ မလိုပါဘူးရှင်"

မစာဥ၏ ခြေလှမ်းများက သွက်သည်။ မကြာမီ သူသိသွားသမျှကို ရှဲလ်(Share) စရာမလိုဘူး၊ ကော်ပီ(Copy) လုပ်ပြီးတင်ဟူသည့် စာသားဖြင့် ဖေ့စ်ဘွတ်တွင် ပို့စ် (Post) တင်တော့မည်ဟူသည်ကား ဗေဒင်မေးရန်မလိုအောင်ပင် ကိုသံချောင်းက အတပ် သိလိုက်လေသည်။ ။

# ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းပါအချက်အလက်များအား အရာထမ်း၊ အမှုထမ်းများသို့ ထပ်ဆင့်ရှင်းလင်း





**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးရှိ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်အလက်များအား ထုတ်နုတ်ပြီး ဝန်ထမ်းအဆင့်ဆင့်သို့ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ COVID-19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို လိုက်နာရန်နှင့် နိုင်ငံ့ဝန်ထမ်း၏ တာဝန်၊ ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံ၏ နားနှင့် မျက်စိဖြစ်သလို ဖြောင့်မတ်၊ မှန်ကန်၊ တိကျမှုတို့ဖြင့် တာဝန်များဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းများနှင့်အညီ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူများအား မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်တည်ရှိမှု၊ ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (Road Map) (၅)ရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၏ အရေးပါမှုနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရန် အရေးကြီးပုံ၊ စည်းကမ်းပြည့်ဝစစ်မှန်သော ဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို မမိုတ်မသုန် ကာကွယ်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ COVID-19 ကာကွယ်ရေးနှင့် ကာကွယ်ဆေးထိုးရေး ဆောင်ရွက်ပေးမည့် အစီအမံများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စုပေါင်းဖွဲ့စည်းမှု၊ ဆွေးနွေးညှိနှိုင်းအဖြေရှာမှု နည်းလမ်းများကိုသာ အသုံးပြုပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေးယဉ်ကျေးမှုနှင့် သမိုင်းပေးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်ကို တာဝန်ယူထားသည့်ကာလအတွင်း နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် မူဝါဒ၊ စီးပွားရေးနှင့် ပတ်သက်သည့် မူဝါဒများကို ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြောင်း၊ မိမိယုံကြည်ရာ ဘာသာရေးကိစ္စများ ဆောင်ရွက်နိုင်ရေး ဘုရား၊ စေတီများ၊ ဘာသာရေးအဆောက်အအုံများကို နိုင်ငံတစ်ဝန်းလုံး ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ပကတိအချက်အလက်များ၊ အမှန်တရားများကို ရှေးရှုပြီး လက်တွဲညီစွာ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း မိန့်ခွန်းပါ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ မိန့်ခွန်းသည် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည့် လမ်းညွှန်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ရှင်းလင်းပြောကြားပြီးဖြစ်ရာ ထိုလုပ်ငန်းစဉ်၊ ဦးတည်ချက်များ အောင်မြင်သည်အထိ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ စာရင်းစစ်အရာထမ်း၊ အမှုထမ်းများအနေဖြင့် စာရင်းစစ်ချုပ်ရုံးများ၏ တာဝန်ဝတ္တရားများဖြစ်သည့် ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဖြစ်ရေးကို အထောက်အကူပြုရန်၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ဘက်မလိုက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အများလက်ခံယုံကြည်မှု အဂတိတရား ကင်းရှင်းမှုတို့ရအောင် ဆောင်ရွက်ပြီး ပြည်သူ့ဘဏ္ဍာကို ပြည်သူ့အကျိုးအတွက် အကျိုးအရှိဆုံး သုံးစွဲနိုင်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့ပြင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာန ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ The Nippon Foundation တို့ Virtual System ဖြင့် ပူးပေါင်း၍ ဖွင့်လှစ်သည့် ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖြစ်သော ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁ နာရီတွင် Virtual System ဖြင့် ပြုလုပ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် The Nippon Foundation မှ အမှုဆောင်အရာရှိချုပ် Mr.Yuji Mori က အမှာစကားပြောကြားခဲ့ပြီး International University of Japan မှ Dean and Professor, Dr. Aung Myo က သင်တန်းဖွင့်လှစ်ခဲ့သည့်ကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ဦးစီးဌာနမှ တာဝန်ရှိသူများ၊ The Nippon Foundation မှ အမှုဆောင်အရာရှိချုပ် Mr. Yuji Mori၊ Professor Dr. Aung Myo, IUJ Dean နှင့် သင်တန်းသားသင်တန်းသူ ၂၇ ဦးတို့ တက်ရောက်ခဲ့သည်။ အဆိုပါ သင်တန်းအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်မှ ယနေ့အထိ ရက်သတ္တ ၁၃ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ နိုင်ငံတစ်ဝန်းမှ**

စားအုန်းဆီ စုစုပေါင်း ၂၂၀၀၀ မက်ထရစ်တန်ကို သိုလှောင်ထားရှိကာ နေ့စဉ်ပြန်လည်ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မကြာမီရက်ပိုင်းအတွင်း စားအုန်းဆီတင် သင်္ဘောလေးစင်းဖြင့် စားအုန်းဆီ တင်ချိန် ၃၂၄၅၀ ခန့်ကို အဆိုပါတံတားများတွင် ဆိုက်ကပ်၍ ကုန်ချခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ အထွေထွေကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သော ဆိပ်ခံတံတားများသို့ သံထည် ပစ္စည်းစုစုပေါင်း တန်ချိန် ၆၀၇၅၃ ကိုသယ်ဆောင်လာသည့် သင်္ဘော လေးစင်းသည်လည်း ဝင်ရောက်ဆိုက်ကပ်၍ ကုန်ချခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်ရှိသည်။

ထို့ပြင် ပြည်ပမှ တင်သွင်းလာသည့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား ဆိပ်ကမ်းအသီးသီးမှ ထုတ်ယူရှင်းလင်းခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အထွေထွေကုန်ပစ္စည်း တန်ချိန် ၆၀၇၅၃ တန်ထပ်မံဝင်ရောက်ရန်ရှိကြောင်း သိရသည်။ ပြည်ပ ပို့ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် ပြည်ပပို့ကုန် တင်ပို့ခြင်းလုပ်ငန်းများကို လည်း နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



CDM ပါဝင်လှုပ်ရှားသူများနှင့် အဖျက်အမှောင့်များ လုပ်ကိုင်နေသူလူတစ်စုက နိုင်ငံတစ်ဝန်းလုံး မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်ခန်းများ၊ ဘဏ်များ ပိတ်ထားကြောင်း ကောလာဟလ သတင်းများ ထုတ်လွှင့်လျက်ရှိသည်။ ထိုသို့ ကောလာဟလ သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နိုင်ငံတစ်ဝန်းလုံး မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်ခန်းများမှာ မိမိတို့၏ မိသားစုစားဝတ်နေရေးအတွက် ပုံမှန်အတိုင်း အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဘဏ်ခွဲများတွင် ပင်စင်လာရောက် ထုတ်ယူကြမည့် အငြိမ်းစားဝန်ထမ်းများ လွယ်ကူချောမွေ့စွာ ထုတ်ယူနိုင်စေရန်အတွက် သက်ဆိုင်ရာဘဏ်များ၌ လုံခြုံရေးများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခလစာ ထုတ်ယူရက်ဖြစ်သဖြင့် အငြိမ်းစားဝန်ထမ်းများအပြင် နိုင်ငံ့ဝန်ထမ်းများပါ သက်ဆိုင်ရာဘဏ်အသီးသီး၌ ၎င်းတို့၏ လုပ်ခလစာများ အဆင်ပြေချောမွေ့စွာ လာရောက် ထုတ်ယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကြောင်းကျိုးဆက်စပ်တွေးစေချင်

အောင်ဇေယျ

CDM ဆန္ဒပြမှုတွေ နေရာအချို့တွင် ရှိနေသည်။ မြင်ကွင်းတစ်ခု သတိပြုမိသည်။ လက်ကိုင်ဆိုင်းဘုတ်ငယ်များသည် စက်ရုံမှ ထုတ်လိုက်သော ကုန်ပစ္စည်းကဲ့သို့ သေသပ်၏။ ပုံစံတူ၏။ ရုပ်ပုံနှင့် စာသားများမှာ ရေးဆွဲမဟုတ်ဘဲ ပုံနှိပ်ဖြစ်၏။ အင်္ဂလိပ်စာ ဆိုင်းဘုတ်တွေလည်း ပါ၏။ နေရာတိုင်းမှာ ပုံစံတူတွေချည်း ဖြစ်နေသောကြောင့်လည်းကောင်း၊ လူတိုင်းကိုယ်စီ ကိုင်လာကြသောကြောင့်လည်းကောင်း mass production မှန်းသိသာ၏။ မီးပွိုင့်တွင်ကားရပ်စဉ် ဘေးဘီသို့ကြည့်မိရာ ဆိုင်းဘုတ်ငယ်တွေ လိုက်ဝေနေသော မိန်းမတစ်ယောက်ကို မြင်ရ၏။ ကောက်ချက်ချရသော် ငွေကြေးဖောဖောသီသီသုံးနိုင်ပြီး ၈၈ တုန်းက BBC, VOA က အသံလွှင့်လမ်းကြောင်းပေးသကဲ့သို့ ဆိုင်းဘုတ်ပါ အကြောင်းအရာများဖြင့် ပြည်သူကို နားသွင်းလမ်းကြောင်းပေးနေသောအဖွဲ့ ရှိနေသည်မှာ သေချာ၏။

နည်းမျိုးစုံဖြင့် လမ်းကြောင်းပေးသောအဖွဲ့(များ)သည် ၁-၂-၂၀၂၁ ရက်က တပ်မတော်က နိုင်ငံတော်အာဏာထိန်းခဲ့သော ဖြစ်ရပ်ကို မသိနားမလည်သော ပြည်သူနှင့်ဝန်ထမ်းများ နားယောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်လာအောင် ရည်ရွယ်လျက်ရှိသည်။ ၁-၂-၂၀၂၁ ရက်က ဖြစ်ရပ်ကိုသာ ကွက်ကြည့်ပြီး အသိမှား(false knowledge) ဝင်အောင် ရိုက်သွင်းလျက်ရှိနေပေသည်။

## အကျိုးတရားဖြစ်

၁-၂-၂၀၂၁ ရက် (ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ကုန်ဆုံးပြီးနောက်တစ်နေ့ သို့မဟုတ် တတိယအကြိမ် လွှတ်တော်သက်တမ်း ပထမအစည်းအဝေးစတင်ခေါ်သောနေ့) က အခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈(က) တို့နှင့်အညီ တပ်မတော်က ပြုလုပ်ခဲ့သော သမိုင်းဝင်ဖြစ်ရပ်သည် အကျိုးတရားဖြစ်၏။

အကျိုးတရားဟူသည် အကြောင်းတရားနှင့်ကင်း၍ မပေါ်ပေါက်ချေ။ ထိုအကျိုးတရားတွင် အကြောင်းတရားများ ရှိနေသည်။ သွေးထိုးလမ်းကြောင်းပေးသောအဖွဲ့သည် ပြည်သူနှင့် ဝန်ထမ်းများကို အကျိုးတရားကိုသာ ကွက်ပြ၍ အပြစ်တင်ဆန့်ကျင်စေသော်လည်း အကြောင်းတရားများကိုမူ ပြည်သူနှင့် ဝန်ထမ်းတို့ သတိမမူမိအောင် ဖုံးကွယ်မေးမှိန်ထားသည်။ ကြောင်းကျိုးဆက်စပ်မှု သဘာဝတရားကို ကြောင်း-ကျိုး အဆက်ဖြတ်ထားသည်။ မည်သည့်ကိစ္စမဆို ကြောင်းကျိုးဆက်စပ်ကြည့်မှ ပြည့်စုံစွာ သုံးသပ်ဆုံးဖြတ်နိုင်သည်။

ရွေးကောက်ပွဲကော်မရှင်က ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ အလွန်အကျွံ မဲမသမာမှုပြုလုပ်ခြင်းသည် အခြေခံအကြောင်းတရား (Root Cause) ဖြစ်သည်။ မဲမသမာမှုပြဿနာများကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခြင်း၊ သမ္မတထံ တင်ပြသော်လည်း သမ္မတက လျစ်လျူရှုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် ဂိတ်ဆုံးသောအခါ အရေးပေါ်လွှတ်တော်ခေါ်ပေးရန် ဥပဒေနှင့်အညီ တောင်းဆိုသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်က ငြင်းပယ်ခဲ့ခြင်း၊ ထို့ကြောင့် နောက်ဆုံး တရားရေးမဏ္ဍိုင်သို့ စာချွန်တော်တင်ပြခဲ့ရခြင်း၊ တပ်မတော်ကလည်း ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးပါရန် သမ္မတထံ တင်ပြခဲ့သော်လည်း သမ္မတက တာဝန်ပျက်ကွက်ခဲ့ခြင်းတို့မှာ ဆက်စပ်အကြောင်းတရားများ ဖြစ်ကြသည်။

ဆက်စပ်အကြောင်းတရားများကို ကြည့်ပါက မဲမသမာမှုပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများဖြစ်ကြောင်း၊ ၂၀၁၂ ကြားဖြတ်တုန်းက အတိုက်အခံပါတီက မဲလက်မှတ်ဖယောင်းသုတ်သည်ဟု စွပ်စွဲသည်ကို ရွေးကောက်ပွဲကော်မရှင်က စွပ်စွဲပါတီနှင့် ကြားပါတီများပါသောအဖွဲ့ဖြင့် ပြန်လည်စစ်ဆေးဖြေရှင်းပေးခဲ့ပုံအတိုင်း စွပ်စွဲမှုကို ဖြေရှင်းပေးစေလိုသော ကြိုးပမ်းမှုများဖြစ်ကြောင်း တွေ့ရှိရသည်။

သို့သော် အနိုင်ရပါတီသည် မဲပြဿနာနောက်ကြောင်းမရှင်းဘဲ တတိယအကြိမ်လွှတ်တော် ပထမအစည်းအဝေးခေါ်၍ အစိုးရဖွဲ့ရန် ခေါင်းမာစွာကြိုးပမ်းခြင်းမှာ လတ်တလော အကြောင်းတရား (Immediate cause) ဖြစ်သည်။ ဤအကြောင်းတရားများကြောင့် ၁-၂-၂၀၂၁ အာဏာထိန်းအကျိုးတရား ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

တစ်ဖန်အခြေခံအကြောင်းတရားဖြစ်သော မဲမသမာမှုသည် တစ်ချိန်က အကျိုးတရားဖြစ်ခဲ့ပါ၏။ မဲမသမာမှုဟူသော အကျိုးတရားတွင်လည်း အကြောင်းတရားတွေ ရှိနေပြန်ပါသည်။ ဤအကြောင်းတရားတွေကို ဒုတိယလွှတ်တော်သက်တမ်း ငါးနှစ်အတွင်း အာဏာရပါတီနှင့် အစိုးရတို့၏ လုပ်ဆောင်မှုများတွင် တွေ့ရှိနိုင်ပါသည်။

## ရည်ရွယ်ချက်ကြီးမားစွာပတ်သက်ခဲ့

ထိုကာလအတွင်း အာဏာရပါတီနှင့် အစိုးရသည် ဘာသာခြား၊ လူမျိုးခြားတို့နှင့် ရည်ရွယ်ချက်ကြီးမားစွာ ပတ်သက်ခဲ့သည်။ ရှေ့နေတစ်ဦးသည် ပါတီခေါင်းဆောင်များအပေါ် သြဇာညောင်း၍ သူလိုချင်သောပုံဖော်ကာ ဘာသာတူသူတို့အတွက် လမ်းထွင်ပေးသွားခဲ့သည်။ ပါတီ၏ အဂတိဆန်သော ငွေကြေးအကူအညီ အပေးအယူသည် ပြည်ပအဖွဲ့အစည်းနိုင်ငံတို့နှင့် ပတ်သက်နေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အနောက်တံခါးပြဿနာကို အများကန့်ကွက်နေသည့်ကြားမှ ကိုဖီအာနန်လက်သို့ ဝကွက်အပ်လိုက်ခြင်း၊ အကြံပေးရုံဖြစ်၍ ယူချင်မှ ယူမှာပါဟု တိုင်းပြည်ကို ပြောခဲ့သော်လည်း အစီရင်ခံစာထွက်လာသောအခါ ကုလစင်မြင့်သို့ နေ့မဆိုင်းပို့ပြီး လမ်းပြမြေပုံအဖြစ် အချုပ်အခြာနိုင်ငံမဆန်စွာ ကြေညာခဲ့ခြင်းတို့သည် တစ်စုံတစ်ခုသော အပေးအယူကို အကောင်အထည်ဖော်ရာ ရောက်သည်။ အာနန်အကြံပြုချက် ၈၈ ချက်အနက် အဓိကအကျဆုံးအချက်မှာ ၈၂ နိုင်ငံသားဥပဒေကို ပြင်ဆင်၍ ဘင်္ဂါလီ(၎င်းတို့အခေါ် ရိုဟင်ဂျာ) များကို နိုင်ငံသားပေးရန် ဖြစ်သည်။ ဤအချက်မှာ ရေရှည်လုပ်ဆောင်ရမည့်အချက်ဟု ပါတီခေါင်းဆောင်က ပြောခဲ့သည်။ ၈၂ နိုင်ငံသားဥပဒေကိုပြင်လျှင် အန္တရာယ်ရှိသောကြောင့် ပြင်စရာမလိုဘဲ တည်ဆဲဥပဒေကို ရှောင်ကွင်း၍ အခြားနည်းလမ်းများကို ရှာဖွေကျင့်သုံးခဲ့သည်။ နည်းလမ်းများတွင် ဥပဒေဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ စာချုပ်လက်မှတ်ထိုးခြင်းတို့ ပါဝင်သည်။

**အကျိုးတရားဟူသည် အကြောင်းတရားနှင့်ကင်း၍ မပေါ်ပေါက်ချေ။ ထိုအကျိုးတရားတွင် အကြောင်းတရားများ ရှိနေသည်။ သွေးထိုးလမ်းကြောင်းပေးသောအဖွဲ့သည် ပြည်သူနှင့် ဝန်ထမ်းများကို အကျိုးတရားကိုသာ ကွက်ပြ၍ အပြစ်တင်ဆန့်ကျင်စေသော်လည်း အကြောင်းတရားများကိုမူ ပြည်သူနှင့် ဝန်ထမ်းတို့ သတိမမူမိအောင် ဖုံးကွယ်မေးမှိန်ထားသည်။ ကြောင်းကျိုးဆက်စပ်မှု သဘာဝတရားကို ကြောင်း-ကျိုး အဆက်ဖြတ်ထားသည်။ မည်သည့်ကိစ္စမဆို ကြောင်းကျိုးဆက်စပ်ကြည့်မှ ပြည့်စုံစွာ သုံးသပ်ဆုံးဖြတ်နိုင်သည်။**

၈၂ နိုင်ငံသားဥပဒေကို ရှောင်ကွင်း၍ အပေးအယူရည်မှန်းချက်သို့ သွားရာလမ်းခရီးတွင် အနှောင့်အယှက် အဟန့်အတားဖြစ်သည့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ အမျိုးသားနိုင်ငံရေးအင်အားစုများကို အမျိုးမျိုးအရေးယူနှိပ်ကွပ်ခဲ့သည်။ YMBA အသင်းကြီးကိုပင် မျက်စောင်းထိုးခဲ့သည်။ ထိုကာလအတွင်း ဗုဒ္ဓသာသနာညှိုးနွမ်းမေးမှိန်ခဲ့ရပြီး ဘာသာရေး တန်းညှိခံခဲ့ရသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားစရိုက်လက္ခဏာများ ဖျက်ဆီးခံရသည်။

အမေရိကန်၊ ဗြိတိန်၊ OIC နှင့် အာဏာရပါတီ၊ အစိုးရတို့၏ ဘုံပစ်မှတ်ဖြစ်သော တပ်မတော်ကို ပြည်တွင်း ပြည်ပ ညှပ်၍ အင်အားချည့်နဲ့ပြိုလဲအောင် နည်းမျိုးစုံသုံး၍ ဖြိုခွဲခဲ့သည်။

ထိုကာလအတွင်း အာဏာရပါတီနှင့်အစိုးရ၏ လုပ်ဆောင်မှုများသည် အောက်ပါရည်မှန်းချက်များသို့ ဦးတည်နေကြောင်းကို ထင်ရှားသော နိုင်ငံတကာသုတေသီတစ်ဦးက ပြောကြားခဲ့သည်။

(၁) ဘင်္ဂါလီတွေကို မခွဲခြား မစိစစ်ဘဲ နိုင်ငံသားရအောင် လုပ်ပေးဖို့။ ရိုဟင်ဂျာလူမျိုးဆိုပြီး တရားဝင်ဖြစ်အောင် လုပ်ဖို့။ ပြီးရင် သီးခြားကိုယ်ပိုင်နယ်ရအောင်လုပ်ဖို့။

(၂) တပ်မတော်ကို ဖိအားပေး၊ ပိတ်ဆို့အရေးယူ၊ ဖြိုခွဲ၊ အင်အားချည့်နဲ့အောင် လုပ်ဖို့။

ကျွန်တော်ပြောတာကို ပိုလွန်းတယ်ထင်တဲ့သူတွေလည်း ရှိနိုင်ပါတယ်။ စောင့်ကြည့်ကြပါလို့ပဲ ပြောချင်ပါတယ်ဟု ၎င်းကဆိုသည်။

## ပွဲသိမ်းရန်ကျန်နေပေသေး

အစိုးရသက်တမ်း ငါးနှစ်အတွင်း အထက်ပါလုပ်ငန်းများသည် မပြီးပြတ်ခဲ့ချေ။ ပွဲသိမ်းရန်ကျန်နေပေသေးသည်။ ထို့ကြောင့် ပါတီဒုဥက္ကဋ္ဌ(၂)က "၂၀၂၀ ရွေးကောက်ပွဲကို နိုင်ကိုနိုင်ရမည်။ မနိုင်လည်း နိုင်ရမည်။ ညွန့်ပေါင်းအစိုးရ ထည့်မစဉ်းစား။ မိမိတို့တစ်ပါတီတည်း အစိုးရဖွဲ့နိုင်ရမည်" ဟု ပြတ်သားစွာ ပြောခဲ့သည်။ ပါတီဥက္ကဋ္ဌက ပြည်သူတို့ထံ နောက်ထပ်ငါးနှစ် လုပ်ခွင့်တောင်းသည်။ လုပ်ရန်ကျန်သေးသည်ဟု ဆိုသည်။

ဒုဥက္ကဋ္ဌ(၂)၏ စကားက လွတ်လွတ်ကျွတ်ကျွတ်နိုင်ဖို့လုပ်မည့် သဘောကို ပြသည်။ ညွန့်ပေါင်းဖြစ်သွားလျှင် ကိုယ့်ခြေကိုယ့်လက် မဟုတ်တော့သောကြောင့် အပြတ်အသတ်နိုင်ဖို့ ဘာပဲလုပ်ရလုပ်ရ ဆိုသည့် သဘောကိုဆောင်သည်။ ပါတီခေါင်းဆောင်၏ စကားက အဓိပ္ပာယ်နှစ်ခွ ထွက်သည်။ ပြည်သူတွေက တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း၊ သူတို့၏နေထိုင်မှုဘဝ မြင့်မားရာမြင့်မားကြောင်း ဆက်လုပ်လိမ့်မည်ဟု တိုက်ရိုက်အဓိပ္ပာယ်ကို ကောက်ယူပြီး ထောက်ခံအားပေးခဲ့ကြသည်။ ဖုံးကွယ်ထားသော နောက်အဓိပ္ပာယ်တစ်ခုမှာ ကတိကဝတ်လုပ်ငန်းများအတွက် နောက်သက်တမ်းတစ်ခု ဆက်ပြီး အစိုးရဖွဲ့နိုင်ရန်လိုအပ်ကြောင်း သက်ဆိုင်သူတို့ထံ မိတ္တူပေးလိုက်ခြင်းဖြစ်သည်။

အထက်ပါ အကြောင်းတရားများသည် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် တစ်ပါတီတည်း အစိုးရဖွဲ့နိုင်ဖို့ မဲအပြတ်အသတ် ရရှိရန် လိုအပ်ချက်ဖြစ်လာသည်။ ၎င်းအကြောင်းတရားများကြောင့် ရွေးကောက်ပွဲကော်မရှင်က မဲမသမာမှုပြုပေးရသော အကျိုးတရား ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းအကျိုးတရားက တစ်ဖန်အကြောင်းတရားဖြစ်လာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မလွှဲမရှောင်သာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဤသည်တို့ကို CDM တွင် အသိမှား ရိုက်သွင်းခံခဲ့ရသော ပြည်သူများနှင့် ဝန်ထမ်းများ သိရှိဆင်ခြင်နိုင်ကြစေလိုပါသည်။ ။

# ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄ ဒသမ ၉၄၉ သန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

### COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း

| | ငွေကျပ် |
|---|---|
| ၁၉-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၁၁၀,၁၅၈,၁၁၅.၃၉ |
| (+) ၁၉-၂-၂၀၂၁ မှ ၂၅-၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၄,၉၄၉,၀၀၀.၀၀ |
| ၂၅-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၀,၁၁၅,၁၀၇,၁၁၅.၃၉ |

### COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၉-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၂ |
| (+)၁၉-၂-၂၀၂၁ မှ ၂၅-၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၂၅-၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၂ |

**COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ**
**(COVID-19 Vaccination Fund) OA 013733 သို့**
**အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၁၉-၂-၂၀၂၁) ရက်နေ့မှ (၂၅-၂-၂၀၂၁) ရက်နေ့ထိ

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၉-၂-၂၀၂၁ | ၃,၀၇၆,၀၀၀ |
| ၁ | ဒုရဲအုပ်လောင်းများ အမှတ်စဉ်(၁၉/၉၄) သင်တန်းသားများ (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၂ | မောင်ဇေလင်းအောင် (တောင်ကြီးမြို့) | ၇၆,၀၀၀ |
| ၃ | မောင်ပြည့်ဖြိုးအောင်၊ အိမ့်နှင်းပန် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄ | ဦးထွန်းထွန်းဝင်း(ပြည်မြို့) | ၃၀,၀၀၀ |
| ၅ | ဦးအောင်မြင့်လွင်၊ ပြည်နယ်ညီညွတ်ရေး (ပသေးမြို့) | ၁၀၀,၀၀၀ |
| ၆ | ကိုဝင်းမောင်၊ မမြင့်မြင့်အေး (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၇ | ဦးညွန့်မောင်၊ ဒေါ်သန်းအေး(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၈ | ဦးအောင်သန်း(မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉ | ဒေါ်မြတ်ကေသိုင်(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၀ | ဒေါ်ခင်အေး မိသားစု (ပုသိမ်မြို့) | ၅၀,၀၀၀ |
| ၁၁ | ဒေါ်ခင်လှမြင့် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂ | ဒေါ်သက်သက်နိုင် (ကျိုက်ထိုမြို့) | ၇၀,၀၀၀ |
| | ၂၂-၂-၂၀၂၁ | ၁၀၃,၀၀၀ |
| ၁ | ပြည်သိန်းစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂ | တင်မေလင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၃ | ဦးအောင်စိုး(ကန့်ကြီးထောင့်မြို့) | ၁၀၀,၀၀၀ |
| | ၂၃-၂-၂၀၂၁ | ၁,၇၀၀,၀၀၀ |
| ၁ | တက်နေဝင်း (လားရှိုးမြို့) | ၅၀၀,၀၀၀ |
| ၂ | PACT Co.,Ltd | ၁,၂၀၀,၀၀၀ |
| | ၂၄-၂-၂၀၂၁ | ၁၀,၀၀၀ |
| ၁ | မောင်ဝေဖြိုးထွန်း(ဝမ်းတွင်းမြို့) | ၁၀,၀၀၀ |

**COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ**
**(COVID-19 Vaccination Fund) OA 013733 သို့**
**အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၁၉-၂-၂၀၂၁) ရက်နေ့မှ (၂၅-၂-၂၀၂၁) ရက်နေ့ထိ

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၅-၂-၂၀၂၁ | ၆၀,၀၀၀ |
| ၁ | ဦးမျိုးညွန့်၊ ဒေါ်ဝင်းဝင်းမွေ (မုံရွာမြို့) | ၃၀,၀၀၀ |
| ၂ | ဒေါ်ရီရီ သားသမီးမြနိုင် (နေပြည်တော်) | ၂၀,၀၀၀ |
| ၃ | ဦးကိုကိုလေး ၊ ဒေါ်တင်မြတ်နိုင်၊ သမီး-ခင်ခင်လေး (နေပြည်တော်) | ၁၀,၀၀၀ |
| | (၁၉-၂-၂၀၂၁ ရက်နေ့မှ ၂၅-၂-၂၀၂၁ ရက်နေ့ထိ)စုစုပေါင်း | ၄,၉၄၉,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ဖေဖော်ဝါရီ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၈,၇၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၇၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၃၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မြဝတီမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်

မြဝတီ ဖေဖော်ဝါရီ ၂၆

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က ရုံးဌာနများနှင့် နေအိမ်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် အခြေအနေများ၊ မီးလောင်မှုဖြစ်ပွားပါက ကနဦး မီးငြိမ်းသတ်နည်းများ၊ ဆောင်ရွက်ရမည့်အချက်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြဝတီခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးမှ ခရိုင်ဦးစီးဌာနမှူး ဦးအောင်ဇေဝင်းနှင့် ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပုံကို လက်တွေ့ သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# သည်းထိတ်ရင်ဖို လမ်းတိုတို

မြင့်မြင့်မူ(ဘားအံ)

(၂၅.၂.၂၀၂၁)နေ့က ကျွန်မ ပင်စင်လစာလေး သွားထုတ်ရင်း တွေ့ခဲ့တဲ့ အတွေ့အကြုံလေးကို ပြောပါရစေရှင်။ အသက်က ၆၀ ကျော် ၇၀ အတွင်း ရောက်နေပေမယ့် ပင်စင်လစာလေးသွားထုတ်တာ အဖော်ခေါ်စရာ တူ၊ တူမလေးတွေမရှိတော့ ကျွန်မ လိုပဲ တစ်ကိုယ်တည်းဘဝနဲ့ အငြိမ်းစားယူထားတဲ့ သူငယ်ချင်းမကို အဖော်ပြုရပါတယ်။ သူက ရန်ကုန်ဘူတာကြီးနားက ဦးဖိုးကျားလမ်းဆိုတဲ့ လမ်းတိုကလေးမှာနေပါတယ်။

ကျွန်မ သူ့အိမ်ကိုရောက်တော့ မနက် ၈ နာရီ ခွဲလောက်ရောက်ပါတယ်။ သူငယ်ချင်းက သူ့ တူလေးရဲ့ ကုန်စုံဆိုင်မှာကူညီပြီး စာရင်းဇယား လုပ်ပေးတဲ့ တာဝန်ယူထားပါတယ်။ ကျွန်မကို သူတို့လမ်းထဲက ရှမ်းခေါက်ဆွဲဝယ်ပြီး ဧည့်ခံပါတယ်။ သူတို့ လမ်းကလေးက လမ်းတိုကလေးသာ ပြောရတယ်။ စားစရာသောက်စရာရော ဟင်းသီး ဟင်းရွက် အသားငါး အကုန်ဝယ်လို့ ရပါတယ်။ လူနေအိမ်ခြေကလည်း ကျပ်တည်းပြီး တစ်အိမ်နဲ့တစ်အိမ် ထိစပ်နေပါတယ်။ ဒီလောက်ကိုဗစ် ကာလကြီးမှာတောင် လူသွားလူလာများလွန်းလို့ ကျွန်မ မေးမြန်းကြည့်တော့...။

"သူငယ်ချင်းရေ၊ ဒီလမ်းတိုလေးထဲက ဝန်ထမ်း အိမ်ရာတွေဆိုပေမယ့် အကုန်လုံးက ငှားထားကြ တာလေ။ လူတစ်နေရာ အိပ်စာလည်း ငှားတယ်။ လူနှစ်ယောက်၊ သုံးယောက်စာလည်း ငှားတယ်။ ဈေးနှုန်းက အစားစားရှိတယ်။ တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်း၊ ငါးသောင်းစုံလို့ပါပဲ။ ဧည့်စာရင်းလည်း တိုင်စရာမလိုတော့ ဖြစ်ချင်တိုင်းဖြစ် နေကြတာလေ"

ဟုတ်ပါရဲ့ ရှင်။ လမ်းရဲ့ဧရိယာက မူလက ကျယ်သလိုလိုရှိပေမယ့် လမ်းရဲ့ ဝဲ/ယာ မှာ ငါးပိ ငါးခြောက်ဆိုင်အစ ဟင်းသီးဟင်းရွက်ဆိုင်၊ ဆေးဆိုင် လက်ဖက်ရည်ဆိုင်အဆုံး ဆိုင်တွေဆိုင်တွေ နေရာ ချဲ့ထားလိုက်တာ လမ်းရဲ့ မူလဧရိယာရဲ့ တစ်ဝက် တောင်မကျန်တော့ပါဘူး။ ဒီလမ်းကျဉ်းလေးပေါ်မှာ အငှားယာဉ်တွေ၊ ဆိုက်ကားတွေ၊ စက်ဘီးတွေ လူတွေဥဒဟို သွားလာနေကြတာ ပျားပန်းခပ်မျှပါ ပဲ။

"သူငယ်ချင်း သိအောင်ပြောရဦးမယ်။ ကိုယ်တို့ လမ်းက ရန်ကုန်မြို့လယ်ကောင်က နယ်စပ်မြို့လေး လို့ ဟိုဘက်က ဆံပင်ညှပ်ဆိုင်က ကောင်လေးက တင်စားပြီး ပြောတာ အမှန်ပဲလေ။ မြန်မာပြည်ရဲ့ ဒေသစုံနယ်ပယ်စုံက လူမျိုးစုံလာနေတဲ့ မြို့လေး လေ။"

ဘာရယ်မဟုတ်ဘူး။ သူငယ်ချင်းက ရယ်ကာ မောကာ ပြောနေပေမယ့် ကျွန်မကတော့ လမ်းရဲ့ အလှအပ ပျက်စီးအောင်၊ လူတွေနေသင့်တာထက် ပိုပြီးနေကြတော့ ရှုပ်ထွေးမှုတွေ ပိုများအောင်ဖန်တီး ထားသလိုပါပဲ။ ရန်ကုန်မြို့ကြီးရဲ့ အထင်ကရ ဘူတာ ကြီးအဝင် အမှိုက်ပုံကြီးကလည်း တစ်ရပ်ကွက်လုံး စွန့်ပစ်သမျှ မနိုင်ဝန်ထမ်းထားရရှာလို့ ထင်ပါတယ်။ ပုပ်စော်နံပြီး ညစ်ပေပွေရှုပ်ထွေးလို့ပါ။ စိတ်ပျက် စရာကြီးပါ။

ဒီလိုနဲ့ မနက် ၉ နာရီလောက်ကျတော့ တစ်လမ်း လုံး မိန်းမတွေ ရှုပ်ရှုပ်ထွေးထွေး ဆူဆူညံညံ ပြောကြ သံ၊ ပြေးလွှားကြသံတွေ ကြားရပါတော့တယ်။ ကျွန်မ သူငယ်ချင်းက မိန်းကလေးတစ်ယောက်ကို ဟဲ့ဟဲ့... ဘာဖြစ်ကြတာလဲလို့ မေးတော့... ။

"ကြီးကြီးအေးရေ... အောင်ဆန်းကွင်းနားမှာ တပ်မတော်ထောက်ခံတဲ့ စစ်ကြောင်းဆိုတာ လာ လူစုပြီကြားတယ်။ ကျွန်မတို့ ရပ်ကွက်နား ဒီလို လာလုပ်လို့ ဘယ်ရမလဲ။ ဒါကြောင့် သံပုံးတီးပြီး နှင်လွှတ်မလို့ လူစုနေတာ။"

ဘုရားရေ၊ ကျွန်မ ရင်ဘတ်ကို ဖိလိုက်မိပါတယ်။ သူငယ်ချင်းက "ဟဲ့... မိတူး။ သမီးတို့လည်း မီးရထား ဝန်ထမ်းတွေနဲ့ပေါင်းပြီး နေ့တိုင်း ဆန္ဒပြနေတာ မဟုတ်လား။ ဘယ်သူက တားလို့လဲ။ သူတို့ဟာသူတို့ ပြချင်သလောက်ပြစမ်းပါစေအေ။ အလကား အပင် ပန်းခံလို့"

"အို... ဘယ်ဟုတ်မလဲ ကြီးအေးရဲ့။ ကျွန်မတို့ ကတော့ မရဘူး။ ကျွန်မတို့လူကြီးတွေက လှမ်းပြီး အဆင့်ဆင့် ညွှန်ကြားထားပြီးပြီ။ သွားမယ် ကြီးအေး၊ ဟိုမှာ တချို့တွေသွားကုန်ကြပြီ။"

အဲဒီနောက် မကြာခင်မှာပဲ လင်ပန်းတွေ၊ ဒန်အိုး တွေ၊ မုန့်ပုံးအခွံတွေကိုကိုင်ပြီး တီးလိုက်ကြ၊ ပြေးလိုက်လွှားလိုက် အော်ဟစ်လိုက်ကြတာ အရပ် ပျက်နေသလားအောက်မေ့မိပါတယ်။ ကျွန်မသိလိုက် ပါပြီ။ မနက်က ဒီလမ်းထဲဝင်လိုက်ကတည်းက အနီ ရောင်အောက်ခံမှာ အဖြူစာလုံးနဲ့ သိမ်ဖြူမီးရထား ရပ်ကွက် CDM လမ်းဆိုတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့ပြီး သားပါ။ ဒါပေမယ့် ဒီလောက်ကြီး ဆိုးမယ်မထင်မိဘူး။ မကြာခင်မှာပဲ များပြားလှတဲ့ မိန်းမတွေ၊ ကလေးမ ကြီးကြီး ငယ်ငယ်တွေနဲ့ ယောကျ်ားတချို့ဟာ အောင်ဆန်းကွင်းရှေ့ ကားကြီးဂိတ်တွေနားမှာ စုရပ် အဖြစ်ရှိနေကြတဲ့၊ ဆန္ဒဖော်ထုတ်သူတွေနားကိုသွား ပြီးသံပုံးတီးကြတဲ့အသံ၊ဆဲကြ ဆိုကြတဲ့အသံတွေဟာ ဆူညံနေတော့တာပါပဲ။

သူတို့ လူအုပ်က အတော်များပါတယ်။ မိန်းမတွေ ဆိုပေမယ့် သူရဲမရဲ စီးနေသလို ကြောက်စရာကောင်း လိုက်တာ။ ရပ်ကွက်နဲ့မလိုက်အောင် လူတွေကလည်း အများကြီးပါပဲ။

"သူငယ်ချင်းရေ... တို့ပင်စင်သွားထုတ်ဖို့ ဒီကနေ့ တော့ မဖြစ်နိုင်တော့ဘူးထင်တယ်။ နောက်နေ့မှ ကြည့်သွားကြရအောင်။ သူငယ်ချင်းလည်း အပြင် မထွက်နဲ့ ဒီမှာပဲ မနက်စာစားပြီး အခြေအနေကြည့် နေ။ တော်ကြာ မသိတဲ့သူတွေက လူစိမ်းဆိုပြီး..."

"အေးပါ သူငယ်ချင်းရယ်... ဟုတ်ပါတယ်။ ဒီမှာပဲစောင့်ပါမယ်" ။ မကြာခင်မှာပဲ စောစောက သံပုံးတီးဖို့ ပြေးထွက်သွားကြတဲ့ လူအုပ်ကြီးဟာ လမ်းထဲကိုပြန်ပြေး ဝင်လာကြပါတယ်။ ကြားရတဲ့ သတင်းကတော့ ဟိုဘက်လူအုပ်က သူတို့ထက်ပို များတယ်ဆိုပဲ။ သူတို့က မခံချင်အောင် အမျိုးမျိုး သွားဆွပြီး သံပုံးတီးတော့ ဟိုကလည်း တစ်ခုခု ပြန်ပြောတော့ ပြဿနာဖြစ်ပုံရပါတယ်။

ပြန်ပြေးလာကြပြီး ဗိုလ်မင်းရောင်လမ်း ဘက်ကို တစ်ခါထွက်သွားကြပြီး ဆဲကြ ဆိုကြ ကြိမ်းမောင်းကြသံတွေ ဆူညံလို့နေပါတော့ တယ်။

အဲဒီနောက် လမ်းထဲကို ကားနဲ့ဝင်လာတဲ့ ဆန္ဒဖော်ထုတ်မယ့်သူတွေကို ရပ်ကွက်က ဝိုင်းဝန်း ဖမ်းဆီးပြီး ဓမ္မာရုံထဲမှာ ပိတ်ထားလိုက်တယ်လို့ ကြားရပါတယ်။

ကျွန်မတော့ ရင်တွေ အသည်းတွေတုန်ပြီး ကြောက်လွန်းလို့ သူငယ်ချင်းအိမ်မှာ ငြိမ်ငြိမ်လေး ထိုင်နေရပါတော့တယ်။

ဩော်... လမ်းနာမည်က မြန်မာစာပေပညာရှင် ပညာရှိကြီး ဦးဖိုးကျားကို ဂုဏ်ပြုမှည့်ခေါ်ထားတဲ့ လမ်း။ ဒီလမ်း ဒီရပ်ကွက်ရဲ့ အသွင်သဏ္ဌာန်ကတော့ တကယ့်ကို ကြောက်စရာကောင်းတဲ့ သည်းထိတ် ရင်ဖိုလမ်း။

မွန်းလွဲ ၂ နာရီကျော်ကျော်ကျမှပဲ ကျွန်မလည်း တုန်တုန်ရီရီနဲ့ အငှားယာဉ်လေးတစ်စီး အကူအညီ နဲ့ ကျွန်မနေအိမ်ကို ပြန်ခဲ့ရပါတော့တယ်။

"ဩော်... သည်းထိတ်ရင်ဖို... လမ်းတိုတို"

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ



၁-၃-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၅)တွင်
- နိုင်ငံ့ဝမ်းစာ ပြည့်ရိကျွာနှင့် တောင်သူဦးကြီးများ
- သရက်သီးတင်အားနှင့် အရည်အသွေးကောင်းစေရန် လိုအပ်သော ပြုစု စောင့်ရှောက်မှုများ
- ပြည်ဝဈေးကွက် ပိုမိုရရှိအောင် ကြိုးပမ်းနေသည့် အစေ့ထုတ်ပြောင်း
- နွားမွေးမြူခြင်းနှင့်သားဖွေးကာလ စီမံထိန်းချုပ်ခြင်း
- တိုတစ်အလွန် အရိုးအဟုန်မြင့်တင် ဆောင်ရွက်သင့်သော ဆိတ်မွေးမြူရေး အခန်းကဏ္ဍ
- ကလေးအရိုးပျော့ရောဂါ မဖြစ်ပွားစေရန် ဆောင်ရန်၊ ရှောင်ရန်များ
- ဝဋ်စီဝဆေးဝါးတချို့ သုံးစွဲခြင်းကြောင့် ယာဉ်မောင်းစဉ် အန္တရာယ်ရှိနိုင်
- အိမ်စိုက်ခြင်း၏ သဘာဝကို လေ့လာခြင်း အပါအဝင် စိုက်ပျိုးရေး မွေးမြူရေး၊ ကျန်းမာရေး သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင်
(၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal






## အင်းတော်မြို့ပြည်သူ့ဆေးရုံ သန့်ရှင်းရေးဆောင်ရွက်

**အင်းတော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံအား သန့်ရှင်းသာယာရေးအတွက် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အင်းတော်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အင်းတော်မြို့နယ်အတွင်းရှိ မိဘပြည်သူများအနေဖြင့် မိမိတို့၏ကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစစ်ဆေးကုသရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများအနေဖြင့် မိမိတို့၏ ကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ဆေးရုံတွင် လာရောက်စစ်ဆေးကုသနိုင်ပါကြောင်း အင်းတော်မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းတန်က ပြောကြားသည်။

အဆိုပါအဖွဲ့သည် အင်းတော်မြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အမှိုက်သရိုက်များအား ရှင်းလင်းခြင်း၊ ဆေးရုံနှင့် လူနာခန်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**



## ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့်ပြည်သူများ စုစုပေါင်း အင်အား ၉၀ ခန့်က ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

---

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများကို ဖေဖော်ဝါရီ ၂၄ ရက်က ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနမှမီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ရောဂါကူးစက်ပျံ့နှံ့မှုလျော့နည်းလာသည့်အတွက် မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန် အခြေခံပညာကျောင်းများတွင် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(အောင်ဇေယျာ)နှင့် အမှတ်(၁၈၆) အခြေခံပညာမူလတန်းကျောင်း(ခါးကော့)တို့တွင် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့်အပြင် အဆိုပါကျောင်းများတွင် ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်၍ သွားလာမှုကန့်သတ်ထားရှိသည့် ဂေဟစင်တာများဖွင့်လှစ်ထားရှိသောနေရာများဖြစ်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဘုရားဖူးများ အားထားသွားရောက်သည့် ရန်ကင်းတောင်ပေါ်က ငါးရုံ့မင်းလိုဏ်ဂူ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့သို့လာရောက်လည်ပတ်သော ပြည်တွင်းဘုရားဖူးများသည် ရန်ကင်းတောင်သို့ အားထားသွားရောက် ဘုရားဖူးလေ့ရှိသည်။ ရန်ကင်းတောင်တော်သည် စိတ်ဝင်စားဖွယ်ရာ သမိုင်းနှင့်အတူ ထူးဆန်းသော သဘာဝငါးရုံ့မင်းလိုဏ်ဂူရှိသည်။

ရန်ကင်းတောင်တော်သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့် ၈၈၄ ပေ၊ တောင်မြောက်အလျား ၆၆၀၆ ပေ၊ အရှေ့အနောက်ပေ ၁၂၅၀၊ အမြင့် ၇၀၆ ပေရှိသည်။ တောက်တက်တောင်ဘက်လှေကား ၅၆၅ထစ်နှင့် မြောက်ဘက်လှေကား ၄၂၉ ထစ် ရှိသည်။

ရန်ကင်းတောင်တွင်ထင်ရှားသည်မှာ သဘာဝငါးရုံ့မင်းလိုဏ်ဂူပင်ဖြစ်သည်။ ငါးရုံ့မင်းလိုဏ်ဂူတွင်း အနက်ပေ ၅၀ ရှိပြီး တောင်ဘက်လှေကား ၇၂ ထစ်နှင့် မြောက်ဘက်လှေကား ၇၂ ထစ်ရှိသည်။ ရန်ကင်းတောင်တော်သည် ငါးရုံ့မင်းရုပ်တုနှင့် တွဲဖက်ထင်ရှားသည်။

ရန်ကင်းတောင်တော်တွင် ချမ်းသာရစေတီ၊ သဘာဝငါးရုံ့မင်းလိုဏ်ဂူ၊ ငါးရုံ့မင်းရုပ်တု၊ ဆုတောင်းပြည့်စေတီ၊ ဆုတောင်းရစေတီ၊ လွမ်းစေတီများကို ဖူးမြော်နိုင်သည်။ ထို့အပြင် သမင်ကလေးများကို အစာကျွေး



ကုသိုလ်ပြုနိုင်သည်။ တောင်တော်ကို သူတော်ကောင်းတို့ ပျော်စံရာတရားကျင့်ရာတောင်ဟုလည်း ဆိုကြသည်။

တောင်တော်ပေါ်တွင် ဂူကြီးကိုးဂူကို လေ့လာနိုင်သည်။ ထိုဂူများမှာ ဖားဂူ၊ ဂူသစ်၊ အောင်သိဒ္ဓိဂူ၊ ဓမ္မသိဒ္ဓိဂူ၊ ငါးရုံ့မင်းဂူ၊ နတ်နဂါးဂူ၊ အောင်ဗုဒ္ဓဂူ၊ ဝက်ဘာဂူ၊ ဝိဇ္ဇာညီနောင်ဂူတို့ပင်ဖြစ်သည်။ ရန်ကင်းတောင်ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် ထူးဆန်းလှသည့် ငါးရုံ့မင်းသဘာဝလိုဏ်ဂူကို စိတ်ဝင်စားကြသည်။

အများစုမှာ လှပပြီးထူးဆန်းသည့် ငါးရုံ့မင်းသဘာဝလိုဏ်ဂူ၏အလှကို စိတ်ဝင်တစား မှတ်တမ်းယူလေ့ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## တီးတိန်မြို့နယ်နှင့် ဖလမ်းမြို့နယ်ရှိ လဲင်းနူးပါးတောင်(ခေါ်) ဘွာလ်နဲလ်တောင်သို့ ကိုဗစ်-၁၉ အလွန်တွင် ခရီးသွားများလည်ပတ်နိုင်ရေး ဆောင်ရွက်မည်

**တီးတိန် ဖေဖော်ဝါရီ ၂၆**

ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်နှင့်ရိခေါ်ဒါရမြို့ ဒေသတို့ဆုံရာ နယ်နိမိတ်တောင် ကုန်းပေါ်တွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၈၂၂၆ ပေ မြင့်သော လဲင်းနူးပါး(Lennupa)တောင်(ခေါ်)ဘွာလ်နဲလ်(Buannel)တောင်သို့ ကိုဗစ်-၁၉ အလွန်တွင် ခရီးသွားများသွားရောက်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“တီးတိန်ဘက်ကနေသွားမယ်ဆိုရင် ကားနဲ့နှစ်နာရီလောက်မောင်းရမယ်။ ဖလမ်းဘက်ကသွားမယ်ဆိုရင် ကားနဲ့ သုံးနာရီလောက်မောင်းရင်ရောက်တယ်။ ရိဒ်ရေကန်ကနေ အရှေ့မြောက်ဘက် မိုင် ၂၀ ကျော်မှာတည်ရှိပြီး ခုနစ် မိုင်နီးပါးလောက် ခြေကျင်လမ်းလျှောက် သွားရမှာဖြစ်ပါတယ်။ တောင်တက်တာနဲ့ သဘာဝကို နှစ်သက်သူတွေအတွက် လာရောက်သင့်တဲ့နေရာတစ်ခုပါ။ တောင်ထိပ်ပေါ်ကနေမြင်ရတဲ့မြင်ကွင်းက ရင်သပ်ရှုမောဖွယ် ကောင်းလှပါတယ်။ ကျေးရွာရဲ့ လူနေမှု ဓလေ့စရိုက်အပြင် သဘာဝအလှတရားတွေကိုခံစားလေ့လာနိုင်ပါတယ်။ ညအိပ်ချင်တယ်ဆိုရင်လည်း အိပ်လို့ရပါတယ်” ဟု ချင်း ပြည်နယ်ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လဲင်းနူးပါး(ခေါ်) ဘွာလ်နဲလ်တောင်၏ထူးခြားချက်များမှာ တောင်ကုန်းပေါ်တွင် မည်သည့်အပင်မျှ ပေါက်ရောက်ခြင်းမရှိဘဲ မြက်ပင်များသာ သဘာဝတိုင်း ပေါက်ရောက်ခြင်း၊ အဓိကတောင်ကုန်းနှစ်ခုသည်အဆင်းပုံသဏ္ဍာန်တူညီစွာရှိခြင်းကြောင့် အထီးတောင်နှင့်အမတောင် (တောင်လင်မယား/ စုံတွဲတောင်)ဟု တင်စားခေါ်ဝေါ်ခြင်း၊ တောင်ကုန်းအလယ်တည့်တည့်ရှိ ထူးဆန်းသောစမ်းချောင်းကလေးသည် ကွေ့ကောက်စွာ စီးဆင်းပြီး ကောက်ကွေ့သည့်နေရာအား အဖြောင့်ဖြစ်အောင်ရေမြောင်း ဖောက်ပေးသော်လည်း ညအချိန် လူသူမရှိသည့်အချိန်တွင် မူလလမ်းအတိုင်း ဆက်လက်စီးဆင်းနေခြင်း၊ ချောင်းတစ်ဖက် တစ်ချက်စီတွင် ပေါက်နေသောတောင်လုံးငယ်များမှာ ခြတောင်ပို့ကဲ့သို့ဖြစ်နေခြင်း၊ တောင်အနီးရွာသားများ အဆိုအရ ချောင်းရေထဲတွင် သစ်ရွက် အမှိုက်များကျပါက ကျေးငှက်ကလေးများက ဆယ်ယူသည်ဟု ရှေးလူကြီးများက ပြောဆိုကြကြောင်း သိရသည်။

အဆိုပါတောင်သည် ကမ္ဘာတွင် ရှားပါးမျိုးစိတ်သစ်ခွဖြစ်သောလည်း ပင်းဖြူလင်းတငှက်များ ရှင်သန်နေထိုင်ရာဒေသတစ်ခုဖြစ်ပြီး တောင်ကုန်းပတ်လည် အနားတစ်ဝိုက်တွင် ချယ်ရီပင်များ၊ တောင်ဇလပ်ပန်းပင်များ၊ သစ်ခွပန်းများနှင့် အဖြူ၊ အနီ၊ အပြာပန်းများဖြင့် လှပစွာဝန်းရံထားကာ ကျေးငှက်များ၊ နွားနောက် စားကျက်မြေနှင့် သဘာဝရှုခင်းများကိုမြင်တွေ့နိုင်မည်ဖြစ်သဖြင့် ဧပြီလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် လာရောက် လည်ပတ်ရန် အကောင်းဆုံး အချိန်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**



# သံစဉ်များနဲ့ ခဏတာ . . .

**မောင်နိုင်**

ဘဝတစ်ခု ရေရှည်ရှင်သန်နေထိုင်နိုင်ဖို့ဆိုရင် အလုပ်အကိုင်ရယ်၊ ငွေကြေး(ဝင်ငွေ) ရယ်၊ ဆွေးနွေးပြောဆိုနိုင်ဖို့ မိတ်ဆွေကောင်းရယ် မရှိမဖြစ် လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ လုပ်ငန်းခွင်၊ ထိုက်သင့်တဲ့ ဝင်ငွေ(လစာ)၊ ဆုံးမလမ်းညွှန်ဆွေးနွေးပေးမယ့် ဆရာသမားတွေ၊ မိတ်ဆွေတွေ ရှိနေတာတောင်မှ တစ်ခါတစ်ရံ စိတ်မကြည်တာတို့၊ စိတ်ပင်ပန်းတာတို့က ရှိတတ်စမြဲပါ။

လူလတ်ပိုင်းအရွယ်အတွက် စိတ်ပင်ပန်းမှု၊ စိတ်မကြည်မလင်ဖြစ်မှုကို အကောင်းဆုံးကုစားပေးနိုင်တာကတော့ အခန်းထဲတစ်ယောက်တည်းရှိချိန်မှာ လွတ်လွတ်လပ်လပ်နဲ့ စိတ်ကို မျောလွင့်ပြီး ဂီတနဲ့ ထိတွေ့ပေးလိုက်ခြင်းပါပဲ။ ငယ်စဉ်အချိန်က တိပ်ခွေတို့၊ စီဒီတို့ခေတ်တွေမှာ ကိုယ်ကြိုက်တဲ့အဆိုတော်တွေရဲ့ ထွက်ရှိသမျှ သီချင်းခွေတွေကို မုန့်ဖိုးထဲကစုပြီး ဝယ်ယူစုဆောင်းခဲ့ပေမယ့် အခုချိန်မှာတော့ အဲဒီတိပ်ခွေတွေ၊ စီဒီချပ်တွေဖွင့်ဖို့ စက်တွေရော အခွေတွေ၊ စီဒီတွေရော ကိုယ့်နားမှာမရှိ။

**သိမြင်ကြားခွင့် ရရှိနေပြီ**

ကမ္ဘာဟာ ရွာကြီးကဲ့သို့ နီးစပ်ဆက်စပ်နေတဲ့ ခုလိုခေတ်ကြီးမှာ ဖုန်းထဲက အင်တာနက်လိုင်း ဖွင့်လိုက်ရုံနဲ့ သိချင်တာတွေ၊ ကြားချင်တာတွေ၊ မြင်ချင်တာတွေကို သိမြင်ကြားခွင့် ရရှိနေပြီမဟုတ်လား။ သီချင်းခပ်အေးအေးလေးတွေ၊ ခံစားလို့ကောင်းတဲ့ သီချင်းတွေသာ နားထောင်ချင်စိတ်ဖြစ်လာတာနဲ့ စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ ရဲသွင်စတဲ့ အဆိုတော်နာမည်တွေကိုရှာပြီး သူတို့ရဲ့သီချင်းတွေ နားထောင်နေရင်းနဲ့ Search Box မှာ ပေါ်လာတဲ့ အဆိုတော် ဗဒင်ရဲ့ သီချင်းတွေကိုလည်း နားထောင်ဖြစ်ခဲ့တယ်။

နားထောင်နေရင်း ရောက်လာတဲ့သီချင်းက 'သိုးမည်းတွေအကြောင်း'။ အဲဒီသီချင်း တစ်ခေါက်ဆုံးသွားချိန် ထပ်နားထောင်ချင်သေးတာနဲ့ Repeat လေး နှိပ်ထားပြီး နှုတ်ကလည်း သီချင်းစာသားကို ရသလောက်လေး လိုက်ညည်းနေမိတယ်။ ဟိုးငယ်ငယ်တုန်းက နားထောင်ခဲ့ရတဲ့သီချင်းကို အခုအရွယ် ပြန်လည်နားထောင်လိုက်ချိန်မှာ သီချင်းစာသားပါ အကြောင်းအရာတွေနဲ့ လက်ရှိကာလအဖြစ်အပျက်တွေကို ချိန်ညှိပုံဖော်မိလိုက်ရာ သိုးမည်းတွေရဲ့နေရာမှာ ကိုယ်ချစ်ခင် လေးစားရတဲ့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပုံရိပ်တွေ စီတန်းပြီး ပေါ်လာတော့တယ်။

သီချင်းစာသားလေးကို ပြန်ပြီးသတိရအောင် အနည်းငယ် ဖော်ပြပေးချင်ပါတယ်။ "xxx ဘုရားကျောင်းလည်း မင်းကမတက်တာ အတော်ကြာပြီ xxx အပေါင်းအသင်းများ စုမိတဲ့အခါ ငယ်စဉ်က အကြောင်းတွေကို ပြန်ပြီးပြောဖြစ်တယ်ဆို မင်းသတင်း မင်းနာမည် မင်းအကြောင်းများ ရောက်လာရင် ပြောရင်း စိတ်ထိခိုက်တယ် မင်းကတော့တို့နဲ့ပါမလာဘဲ အမှောင်ထဲမှာ ဆက်လျှောက်နေဆဲ xxx ဘုရားကျောင်းရှေ့ လမ်းမကြီးပေါ် ငါကိုယ်တိုင်အတွေးများနဲ့ မျောလွင့်ရင်း အိမ်ပြန်မလို့ လမ်းလျှောက်လာစဉ် ဒီကနေ့ ပွဲတော်ဆိုတာ ဘုရားကျောင်းက ထွက်လာသူတွေ တွေ့လိုက်မှ သိလာစဉ် အရမ်းပဲ ဝမ်းနည်းသွားပြီး ရုန်းထွက်ဖို့ ဆုံးဖြတ်တာတွေလည်း ငါမင်းကို ပြောပြချင်တယ် x x x တို့ကတော့ တို့ကတော့ တို့ကတော့ ဘုရားကျောင်းထဲ ပြန်ရောက်တဲ့အချိန် မင်းကတော့ ဝေးဝေးနေနေဆဲ x x x တို့ကတော့ တို့ကတော့ တို့ကတော့ ဝေးဝေးကနေ ဆုတောင်းပေးမယ် ရုန်းထွက်လို့ လွတ်မြောက်နိုင်ပါစေ x x x မင်းဆိုးလို့ဝရင် မင်းမိုက်လို့ဝရင် ဘုရားကျောင်းထဲ မင်းလေးလိုက်လာနော် သိုးမည်းဟောင်းကြီးတွေ ပြေးထွက်လာပြီး မင်းကိုကြိုနေမယ် x x x"။

**လော်ဘီစကားတွေကြားက ရုန်းမထွက်နိုင်**

သီချင်းလေးက ခေတ်တွေကြာခဲ့ပေမယ့် အခုချိန်ကာလ Civil Disobedience Movement (CDM ) လုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတချို့အတွက် စာသားလေးသာ ပြောင်းလိုက်ရင် ကွက်တိဒက်ထိပါပဲ။ သီချင်းကို အကြိမ်ကြိမ်နားထောင်နေရင်း ကိုယ်နဲ့ သွေးမတော် မျိုးမစပ်ပေမယ့် နိုင်ငံ့ဝန်ထမ်းအများစုနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ ဆုံခဲ့ကြဖူးတယ်။ ရင်းနှီးခဲ့ကြဖူးတယ်။ ရိုင်းပင်းကူညီခဲ့ကြဖူးတယ်။ ဌာနတွေကိုယ်စီ အသီးသီးရောက်ခဲ့ပြန်တော့လည်း အလုပ်ကိစ္စတွေနဲ့ အစည်းအဝေးတွေ၊

**CDM ဆိုတဲ့ ခေတ်မမီတော့တဲ့ အတွေးအခေါ်အမှားတွေကို ဟန်ရေးတပြင်ပြင်နဲ့ မာန်မချဘဲ ဆက်လုပ်နေကြမှာလား။ ပြည်သူတွေအတွက် မှန်ကန်တည့်မတ်တဲ့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ဖို့ ရုံးပြန်လည်တက်ကြမလား ဆိုတာကို ခေတ်ပညာတတ် နိုင်ငံ့ဝန်ထမ်းတွေက မှန်ကန်သော လုပ်ရပ်ကို သံသရာအတွက် အမြန်ဆုံးရွေးချယ်။**

နီးနှောဖလှယ်ပွဲတွေမှာ ဆုံခဲ့ကြရပြန်တယ်။ ကျရာဌာနကို ကိုယ်စားပြုပြီး လုပ်ငန်းကိစ္စတွေမှာလည်း အပြန်အလှန်ကူညီပေးခဲ့ကြတာတွေကို ပြန်လည်မြင်ယောင်ရင်း လော်ဘီစကားတွေကြားက ရုန်းမထွက်နိုင်ဘဲ ရုံးမတက်နိုင်ဖြစ်နေကြတဲ့ မိတ်ဆွေဝန်ထမ်းတွေ၊ ညီငယ် ညီမငယ် ဝန်ထမ်းတွေအတွက် စိတ်မကောင်းဖြစ်ရပြန်တယ်။

CDM မှာ ပါဝင်ဖို့ ထိတ်ထိတ်ကြဲစာသားတွေ လူမှုမီဒီယာမှာ အပြိုင်အဆိုင်တင်ခဲ့ကြတဲ့ တချို့နိုင်ငံ့ဝန်ထမ်းတွေကတော့ ကိုဗစ်-၁၉ ကာလရဲ့မွန်းကျပ်မှုတွေကို တစ်ပတ်ကျော်လောက် ဖော်ထုတ်ခဲ့ပြီးချိန်မှာ ဆိုးလို့လည်း ဝသွားပြီ၊ မိုက်လို့လည်း ဝခဲ့ပြီဖြစ်တာကြောင့် လမ်းမှားကနေ လမ်းမှန်ကို ပြန်လှည့်လာပြီး အပြုံးမပျက်ဘဲ ရုံးပြန်လည်တက်နေကြပြီဖြစ်တဲ့အတွက် ဘဝအနေမပျက် ဆက်လက်ရပ်တည်နေနိုင်တာတွေကို တွေ့မြင်ကြားသိရတာကလည်း ဝမ်းသာစရာပါပဲ။ သီချင်းထဲကလိုပဲ လမ်းမှန်နဲ့ ပို၍ပို၍ အဝေးကို ရောက်သွားကြပြီး CDM ဆိုတဲ့ လမ်းမှားကို လျှောက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက်လည်း ဆုတောင်းပေးရုံမှတစ်ပါး အခြားမရှိတော့သလို လမ်းမှန်ကို ပြေးဝင်လာပြီး ရုံးပြန်တက်ကြမယ့် နိုင်ငံ့ဝန်ထမ်းတွေကိုလည်း လုပ်ဖော်ကိုင်ဖက်တွေ၊ ဆရာသမားတွေက နွေးထွေးစွာ ကြိုဆိုနေကြမယ်ဆိုတာ ယုံကြည်နေမိတယ်။

**မကောင်းမှုမှာ မွေ့လျော်**

လူသားတွေရဲ့ စိတ်ဆိုတာက မကောင်းမှုမှာ မွေ့လျော်တတ်တာကြောင့် မကောင်းမှုစရိုက်ဆိုးတွေကို မပြုလုပ်မိဖို့၊ မကျူးလွန်မိဖို့အတွက် မင်္ဂလသုတ်အစမှာကို 'အသေဝနာ စ ဗာလာနံ' ဆိုပြီး တားမြစ်ထားတာ ဖြစ်ပါတယ်။ 'မကောင်းမှုတွေဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ။ တွေ့ကြုံလာရင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းနေ' ဆိုတဲ့ မင်္ဂလာတရားတော်လာ အဆုံးအမအတိုင်း ကိုယ့်စိတ်နှလုံးကို ပူလောင်စေမယ့်၊ ဆင်းရဲဒုက္ခရောက်စေနိုင်မယ့် CDM မှာ ပါဝင်ခြင်းတွေကို မပြုလုပ်မိအောင်၊ သွေးထိုးလှုံ့ဆော်မှု မပြုမိအောင် နိုင်ငံ့ဝန်ထမ်းအသီးသီးက ဝိုင်းဝန်းထိန်းသိမ်း လိုက်နာကြဖို့ လိုပါတယ်။

သီတဂူဆရာတော်ကြီးရဲ့ ဆုံးမဩဝါဒစကားတစ်ခုကို ထုတ်နုတ်ဖော်ပြရရင် "အမှားလုပ်ပြီး လူချစ်မခံပါနဲ့၊ အမှန်လုပ်ပြီး လူမုန်းခံလိုက်ပါ၊ အဲဒီအမှန်တရားက သံသရာမှာ အားဆေးတစ်ခွက်ဖြစ်လိမ့်မယ်" လို့ မိန့်ကြားထားတာ မှတ်သားထားခဲ့ဖူးတယ်။ မကောင်းမှုအမှားကို ဆက်လုပ်ရင် 'အပြစ်' ဆိုတဲ့ အကျိုးသက်ရောက်မှုကလည်း မဖိတ်ခေါ်ဘဲ ဘဝထဲကို ရောက်ရှိလာတတ်ပြီး စိတ်နှလုံးကို ပူလောင်စေတတ်တယ်ဆိုတာကို မမေ့လျော့စေချင်ပါဘူး။

ဒါကြောင့် CDM ဆိုတဲ့ ခေတ်မမီတော့တဲ့ အတွေးအခေါ်အမှားတွေကို ဟန်ရေးတပြင်ပြင်နဲ့ မာန်မချဘဲ ဆက်လုပ်နေကြမှာလား။ ပြည်သူတွေအတွက် မှန်ကန်တည့်မတ်တဲ့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ဖို့ ရုံးပြန်လည်တက်ကြမလားဆိုတာကို ခေတ်ပညာတတ် နိုင်ငံ့ဝန်ထမ်းတွေက မှန်ကန်သောလုပ်ရပ်ကို သံသရာအတွက် အမြန်ဆုံး ရွေးချယ်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

## အကြောင်းအမျိုးမျိုးကြောင့်နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှုသို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့် ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများလှူဒါန်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**
ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့်စေတနာရှင်ပြည်သူများကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တတ်နိုင်သရွေ့ လုပ်ဖော်ကိုင်ဖက်များကို ကူညီရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အရေးပေါ်ပြဋ္ဌာန်းချက်နှင့်အညီ အားလုံးတည်ငြိမ်အေးချမ်းရန်၊ စီးပွားရေးပြန်လည်တိုးတက်လာရန်နှင့် နိုင်ငံတော်ကချမှတ်ထားသည့် ရေတိုရေရှည်စီမံကိန်းအောင်မြင်ရန်၊ ကျောင်းများမကြာမီပြန်လည်ဖွင့်လှစ်နိုင်ရန်၊ တပ်မတော်သားနှင့် တပ်ဖွဲ့ဝင်များက ကျောင်းများတွင် သန့်ရှင်းရေး ပြုလုပ်ပေးနေကြကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းစေရန် ဝိုင်းဝန်းကူညီပေးကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးနှင့် သတင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းရာ အမှတ်(၉၄)ခြေလျင်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးဇင်မင်းထွန်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးချုပ်တင်ကိုကို၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ပြည်နယ်ဦးစီးမှူးတို့က လက်ခံရယူပြီး အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စေတနာရှင် အလှူရှင်များမှ ထောက်ပံ့လှူဒါန်းပေးသောပစ္စည်းများမှာ ကြက်ဥ၊ ရေသန့်၊ ပဲပုပ်ကြော်၊ အသားတုံ၊ ကော်ဖီမစ်၊ ရွှေဖီဦး လက်ဖက်ရည်၊ ဆီ၊ ကုလားပဲတို့ဖြစ်ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**



# ဝိုင်းမော်မြို့နယ်အတွင်း ယာဉ်ရပ်နားစခန်းတည်ဆောက်မှုကြည့်ရှု

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၆**
ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာတွင် ပြည်နယ်အတွင်း ကုန်စည်သိုလှောင် ဖြန့်ဖြူးမှု လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက သွားရောက်ကြည့်ရှုကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဝိုင်းမော်မြို့နယ် တန်ဘောင်ကျေးရွာရှိ မြေဧက ၂၈ ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီ၏ KEP Logistics ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာ အဖွဲ့ဝင်များက စီမံကိန်းဧရိယာအတွင်း ယာဉ်ရပ်နားသည့် နေရာများ၊ ကုန်သိုလှောင်ရုံများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တည်းခိုနိုင်သည့် အဆောက်အအုံများတည်ဆောက်သွားမည့် အစီအစဉ်များနှင့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုအခြေအနေ၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအနေဖြင့် ကြားကာလ တာဝန်ယူစဉ်ကာလအတွင်း စီးပွားရေးရပ်တန့်မှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းသည် ဒေသခံတိုင်းရင်းသားအများ ပိုင်ကုမ္ပဏီ၏ စုဖွဲ့မှုဖြင့် ကချင်ပြည်နယ်အတွက် ရေရှည်တည်တံ့ခိုင်မာသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့်အောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကုမ္ပဏီတာဝန်ရှိသူများနှင့် ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု အခြေအနေနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့ကို ဌာနဆိုင်ရာများ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါစီမံကိန်းကို ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာရှိ မြေဧက ၂၈ ဧက ပေါ်တွင် KEP Logistics ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါစီမံကိန်းပြီးစီးပါက ပြည်တွင်းနှင့် တစ်ဖက်တရုတ်နိုင်ငံသို့ ကုန်စည်သိုလှောင်သယ်ယူ ပို့ဆောင်ဖြန့်ဖြူးရာတွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့ကို ရည်ရွယ်ကြောင်းနှင့် ယာဉ်ရပ်နားစခန်းတွင် ကုန်သိုလှောင်ရုံများ၊ ဆီပန့်ဆိုင်၊ စားသောက်ဆိုင်များအပါအဝင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တည်းခိုဆောင်နေရာများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၂၆**
ပဲခူးမြို့ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ရန်ကုန်မြို့ရှိမင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေဆိပ်ဧရိယာထပ်မံတိုးချဲ့ရန် အခက်အခဲများ ရှိနေသဖြင့် ရန်ကုန်မြို့နှင့် အနီးကပ်ဆုံးရှိပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ် ထွက်ပေါက် ဧရိယာအတွင်းရှိသည့် ပဲခူးမြို့တွင် ဟံသာဝတီ ပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အဆင့်မှ လေဆိပ်ဖြစ်မြောက်နိုင်ရေး ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရန် ကျူးကျော်စာရင်းကောက်ယူခြင်း၊ လျော်ကြေးငွေပေးချေခြင်း၊ လေဆိပ်ပတ်လမ်းပေ ၁၀၀ အကျယ် ဖော်ထုတ်ခြင်းနှင့် မြေယာပိုင်ဆိုင်မှု ရရှိနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပဲခူးမြို့အတွက်သာမက နိုင်ငံအတွက်လည်း အလွန်အကျိုးဖြစ်ထွန်းစေမည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြေယာစာရင်း ကောက်ယူရေးဆပ်ကော်မတီ၊ သီးပင်၊ စားပင်၊ နှစ်ရှည်ပင်နှင့် ရာသီသီးနှံပင်များ စာရင်းကောက်ယူရေး ဆပ်ကော်မတီ၊ ကျူးကျော်အဆောက်အဦစာရင်းကောက်ယူရေး ဆပ်ကော်မတီနှင့် တန်ဖိုးတွက်ချက်ရေး ဆပ်ကော်မတီတို့၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လေကြောင်းဦးစီးဌာနပိုင် မြေအဖြစ် ပိုင်ဆိုင်မှုရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ပဲခူးခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၂၆**
ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)ကို ဘားအံ မြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးစောမြင့်ဦးက စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူရသည့်ကာလ အလွန်တိုတောင်းသည့် အတွက် ဆောင်ရွက်စရာရှိသည်များကို လျင်လျင်မြန်မြန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ နေထိုင်သွားကြစေလိုကြောင်း၊ စိတ်ရှည်ရှည်ထားပြီး မိမိဝန်ထမ်းများကို သားသမီးကဲ့သို့ မိသားစုစိတ်ဓာတ်ဖြင့် နွေးနွေးထွေးထွေးဆက်ဆံပြီး ဌာန၏လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း၊ CDM ဝန်ထမ်းအချို့လည်း ရုံးပြန်တက်နေကြသည်ကို မြင်တွေ့ကြားသိရကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၁)မှ အစည်းအဝေးဆုံးဖြတ် ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝန်ထမ်းနှင့် CDM

စွမ်းထက်နိုင်(အင်းတိုင်)

လူသားတိုင်းသည် စိတ်ခံစားမှုကိုယ်စီ ရှိကြသည်။ ယုံကြည်ချက်၊ ခံယူချက်အပေါ် မူတည်ပြီး စိတ်ခံစားချက်များရှိသကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများ ပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာ ဦးစားပေး၍ အမှားနှင့် အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့် ချွန်းအုပ်ပြီး မဆောင်ရွက်နိုင်ပါက စစ်မှန်သည့် ကောင်းကျိုးချမ်းသာ ရရှိမည်မဟုတ်ပါ။

**အဖြေမှန်နှင့် ဝေးသထက်ဝေးနေမည်သာ**

စိုက်ပျိုးသည့်အပင်ကို ပြန်လည်ရိတ်သိမ်းရမည် ဖြစ်သည်။ အချဉ်ပင်စိုက်ပြီး အချိုသီး စားချင်၍မရပါ။ ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်အားလုံးသည် အကြောင်းတရားများဖြစ်ပြီး ရရှိလာသည့် ရလဒ်သည် အကျိုးတရား ဖြစ်ပါသည်။ ရလဒ်ကောင်းခြင်း၊ ဆိုးခြင်းသည် လုပ်ဆောင်ခဲ့သမျှ အကြောင်းအရာများအပေါ်တွင်သာ မူတည်ပါသည်။ ထို့ကြောင့် ရလဒ်တစ်ခု ပေါ်ထွက်လာလျှင် စိတ်ခံစားချက်ကို ဦးစားပေးပြီး အလိုဆန္ဒနှင့် မကိုက်ညီ၍ လက်သင့်မခံနိုင်ဟု ငြင်းပယ်ဆန့်ကျင်နေပါက အဖြေမှန်နှင့် ဝေးသထက်ဝေးနေမည်သာ ဖြစ်သည်။ ဉာဏ်ပညာနှင့် ဝေဖန်ပိုင်းခြားသုံးသပ်ပြီး ပကတိ အမှန်တရားရလဒ်ကို လက်ခံကြရပါမည်။ အကြောင်းတရားများကို မျက်ကွယ်ပြုပြီး အကျိုးတရားကိုသာ ဦးတည်ပုံဖော်နေသရွေ့ ပကတိအမှန်တရားကို ဥပေက္ခာပြုသည့် အစမ္မဝါဒီများ ဖြစ်မှန်းမသိ ဖြစ်နေကြမည်မှာ သေချာပါသည်။ အကြောင်းတရားများမရှိခဲ့ဘဲ မည်သည့်အကျိုးတရားမျှ မဖြစ်နိုင်သည်ကို သတိချပ်စေလိုပါသည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်သင့်သည်။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏အသက်မှာ ရွေးကောက်ပွဲ တရားမျှတရေးပင် ဖြစ်သည်။ တပ်မတော်နှင့် နိုင်ငံရေးပါတီများက ရွေးကောက်ပွဲမသမာမှုများ ရှိခဲ့သည်များကို တိုင်ကြားခြင်း၊ ပြည်တွင်းပြည်ပ မီဒီယာများကို ဖိတ်ခေါ်၍ ခိုင်မာသော အထောက်အထားများဖြင့် ရှင်းလင်းအသိပေး ဆောင်ရွက်ခဲ့ကြသည်။ မဲမသမာမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ သန့်ရှင်းပြီး တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ရှင်းလင်းချေပရမည် ဖြစ်သည်။ ကော်မရှင်က မရှင်းလင်းနိုင်ပါက သမ္မတက ရှင်းလင်းပေးရန် တာဝန်ရှိပါသည်။ မဲမသမာမှုများကို မသိကျိုးကျွန် လျစ်လျူရှုပြီး အစိုးရဖွဲ့၍ နိုင်ငံတော်အာဏာကို ရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင် ဖြစ်သည်။ စာမေးပွဲတစ်ရပ်တွင် ရမှတ်အပြည့်ရသော်လည်း စာခိုးချဖြေဆိုထားသည်ကို အထောက်အထားခိုင်လုံစွာဖြင့် မိပါက စာမေးပွဲ ကျရှုံးမည့်အပြင် ကျောင်းမှထုတ်ပယ်သည့် ပြစ်ဒဏ်ခံရတတ်သည်ကို အားလုံး သိရှိလက်ခံကြပြီး ဖြစ်သည်။

❖ **CDM ဆိုသည်မှာ ကာလတိုဆောင်ရွက်ရသည့်သဘော ဖြစ်သည်။ ကာလတိုအတွင်း မဆောင်ရွက်နိုင်ပါက အောင်မြင်စရာ အကြောင်းမရှိနိုင်ပါ။ ယခုလည်း မည်သည့်ဝန်ကြီးဌာနမှ လုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်ဆောင်ရွက်လျက်ရှိ။**

❖ **CDM တွင် ပါဝင်သည့် ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် မညီဘဲ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို လျစ်လျူရှုကြသူများဖြစ်။**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ် လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သော အခြေအနေဖြစ်ပေါ်လာပြီး မည်သို့မျှ ညှိနှိုင်းအဖြေရှာ၍ မရတော့သဖြင့် တပ်မတော်သည် ၁-၂-၂၀၂၁ ရက်နေ့မှစတင်၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို ခေတ္တလွှဲပြောင်းရယူခဲ့သည့်ဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့်အညီ စစ်မှန်သော ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပကာ ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောက်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ကမ္ဘာသိကြေညာခဲ့ပြီး ကတိကဝတ်ပြုခဲ့ပြီး ဖြစ်သည်။ အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တလွှဲပြောင်းရယူခဲ့ခြင်းသာဖြစ်ကြောင်း အတိအလင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

**CDM ဆိုသည်မှာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး နိုင်ငံတော်ယန္တရား လည်ပတ်နိုင်ရေး မြန်မာ့တပ်မတော်က ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်။ ထိုသို့ မလွှဲသာ၍ ဆောင်ရွက်ခဲ့သည်ကို လျစ်လျူရှုပြီး တပ်မတော်က နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန်စွပ်စွဲကာ သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင် စနစ်တကျ အကွက်ချပြီး စီစဉ်လာကြသူအချို့ကြောင့် ဆန္ဒပြမှုများရှိလာခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများကို အဓိကဦးတည်ကာ Civil Disobedience Movement (CDM) ပြုလုပ်လာကြသည်။ လုပ်ငန်းခွင် မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးကြသည်။ ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်ရောက်လျှင် အစိုးရယန္တရားပျက်ယွင်းမည်ဖြစ်သည့်အတွက် ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်ရောက်နိုင်ရေး နည်းမျိုးစုံဖြင့် ဆောင်ရွက်ကြသည်။ CDM ဆိုသည်မှာ ကာလတိုဆောင်ရွက်ရသည့်သဘော ဖြစ်သည်။ ကာလတိုအတွင်း မဆောင်ရွက်နိုင်ပါက အောင်မြင်စရာ အကြောင်းမရှိနိုင်ပါ။ ယခုလည်း မည်သည့် ဝန်ကြီးဌာနမှ လုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်ဆောင်ရွက်လျက် ရှိကြပါသည်။

**လိုရာပုံဖော်**

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့် ရှိကြသည်။ ထိုလွတ်လပ်မှုများသည် သူတစ်ပါးအား ထိပါး၍မရပါ။ မိမိနှင့်သဘောထား အယူအဆ မတူသူများကိုလည်း ကွဲလွဲခွင့်ပေးရသည်။ တားဆီးထိပါးခြင်း မပြုရပါ။ သို့ရာတွင် CDM ဆောင်ရွက်သူများသည် ဒီမိုကရေစီလူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အုပ်စုဖွဲ့အတင်းအကျပ်ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများအထိ ဥပဒေများကို ချိုးဖောက်မှုပြုသည်များ ရှိလာခဲ့ပါသည်။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြသူများ ဖြစ်ပါသည်။ ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများ မဟုတ်ပါ။ CDM တွင် ပါဝင်ကြသော ဝန်ထမ်းအနည်းစုသာ ရှိပါသည်။ ထိုသို့ CDM တွင် ပါဝင်နေသည့် ဝန်ထမ်းများသည်လည်း ဌာနဆိုင်ရာစည်းကမ်း၊ ဥပဒေများနှင့်အညီ အရေးယူခံကြရမည် ဖြစ်ပါသည်။ ဆွဲဆောင်စည်းရုံးမှုကြောင့် CDM တွင် ပါဝင်နေကြသူ ဝန်ထမ်းအချို့ကိုလည်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့် ပြုထားပြီးဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း ပြန်လည်ဝင်ရောက်ကာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါက ဌာနဆိုင်ရာ အရေးယူခြင်းမှ သက်သာခွင့်ရရှိကြမည် ဖြစ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”ဟုအတိအလင်း ကတိပြုကြေညာထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနှစ်သက်သော ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရန်အတွက် ဒီမိုကရေစီစံနှုန်းများကို အလေးဂရုပြုလိုက်နာပြုမူကြဖို့ လိုအပ်ပါသည်။ ယခုကာလသည် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းသွားခြင်း မဟုတ်ပါ။ ဒီမိုကရေစီစံနှုန်းနှင့် ကျင့်စဉ်များ စစ်မှန်အားကောင်းပြီး စည်းကမ်းတကျဖြစ်စေရန် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။ ချစ်ခြင်း၊ မုန်းခြင်းဖြင့် နိုင်ငံတည်ဆောက်၍မရပါ။ သွေးထိုးလှုံ့ဆော် မြှောက်ပင့်စည်းရုံးပြီး အဖျက်အမှောင့် လုပ်ဆောင်နေကြသူများသည် နိုင်ငံတော်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြခြင်းမဟုတ်ဘဲ ပုဂ္ဂလိက အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသူများ ဖြစ်သည်ကို အထူးဂရုပြုကြရပါမည်။

**ယိုသူမရှက်၊ မြင်သူရှက်**

CDM တွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ထမ်းအချို့သည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိကြသူများလည်း ပါဝင်နေကြမည် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းသည် ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို CDM တွင် ပါဝင်ခြင်းမရှိသဖြင့် ဝေဖန်တိုက်ခိုက်ခြိမ်းခြောက်ကြသူများလည်း ရှိပါသည်။ ကိုယ်ရေးကိုယ်တာ အရှက်ရစေရန် မဟုတ်မမှန်သော အကြောင်းများဖြင့် လုပ်ကြံဖန်တီးပြီး လူမှုကွန်ရက်တွင် ဖော်ပြကြသည်များလည်း ပြုလုပ်ကြပါသည်။ အင်မတန် သေးသိမ်နုံချာသည့် လုပ်ရပ်များဖြစ်ပြီး ဒီမိုကရေစီကျင့်ဝတ်နှင့် ဆန့်ကျင်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ဆင်ခြင်ဉာဏ်မရှိဘဲ အလိုမတူသူကို ရန်ပြုတိုက်ခိုက် ဆဲဆိုနေကြသူများသည် ယိုသူမရှက်၊ မြင်သူရှက် ဆိုသလို ဖြစ်နေပါသည်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် မိမိတို့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် ဂုဏ်သိက္ခာရှိကြသူများ ဖြစ်ပါသည်။ CDM တွင် ပါဝင်သည့် ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို လျစ်လျူရှုကြသူများ ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျောသား ရင်သား မခွဲခြားဘဲ ဝန်ထမ်းများ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရန်၊ ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန် အသိပေးထားရှိပါသည်။

အကြောင်းတရားများစွာရှိ၍ အကျိုးတရားဆိုသောရလဒ်ကို ရရှိလာခြင်း ဖြစ်ပါသည်။ ဖြစ်တည်လာသော ကွင်းဆက်များကို ချိတ်ဆက်သုံးသပ်ပြီး ဘက်ပေါင်းစုံမှ ရှုမြင်နိုင်မှသာ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်မည် ဖြစ်ပါသည်။ တစ်ဖက်ဖက်ကို လျစ်လျူရှုပြီး အတ္တကိုအခြေခံ၍ လိုလားနှစ်သက်မှုကို ဦးစားပေး ရပ်တည်နေသူများဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ် ရရှိမည်မဟုတ်ပါ။ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သော နိုင်ငံတော်ဖြစ်တည်လာစေရေးအတွက် ပြည်သူများ၊ ဝန်ထမ်းများ အားလုံးသည် ဆိုင်ရာကျင့်ဝတ်များကို လိုက်နာ၍ ဥပဒေနှင့်အညီ နေထိုင်ပြုမူဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

## ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံးအဆောက်အအုံသစ် ဆောက်လုပ်နေမှု စစ်ဆေး



**ပုလဲ ဖေဖော်ဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး အဆောက်အအုံသစ်ကို ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းအရည်အသွေး ပြည့်မီစေရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်စီမံကိန်းရုံး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စုစုဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးညီညီနှင့် မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်ထွန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲရုံးအဆောက်အအုံသစ်သည် အလျား ၅၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၁၂ ပေရှိသည့် RC တစ်ထပ် အမျိုးအစားဖြစ်ပြီး ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအပါအဝင် နှစ်ခန်းတွဲ အိမ်သာ တစ်လုံး၊ နှစ်လက်မရေတွင်း တစ်တွင်း၊ ဂါလန် ၁၀၀၀ ဆံ့ ရေကန်၊ ChainLink ၃၄၃ ပေ၊ အုတ်တံတိုင်း ၁၁၁ ပေနှင့် သံပန်းတံခါး ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၆၉ သန်းဖြင့် သံလွင်ကြယ်စင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံးမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းပြုပြင်

**ရှမ်းရွာသစ် ဖေဖော်ဝါရီ ၂၆**
ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားပွဲများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရှမ်းရွာသစ်မြို့ အမှတ်(၄) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဘောလုံးကွင်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလပထမပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

အလျားပေ ၆၀၀၊ အနံပေ ၄၀၀ ရှိ အခြေခံပညာအထက်တန်းကျောင်းဘောလုံးကွင်းပြုပြင်ဆောင်ရွက်ခြင်းကို လုပ်ငန်းတာဝန်ရှိသူများတို့ကသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်မီစေရေးနှင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများပြီးစီးပါက ကျောင်းသား ကျောင်းသူများ အားကစားလုပ်ငန်းများကို ယခင်ကထက် အဆင်ပြေစွာ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ရှမ်းရွာသစ်**
**(ပြန်/ဆက်)**



## လေးမျက်နှာမြို့နယ် အောင်မင်္ဂလာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**လေးမျက်နှာ ဖေဖော်ဝါရီ ၂၆**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မင်္ဂလာဈေးအတွင်း၌ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လျှပ်စစ်တို့မှ တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၈ နာရီက မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးရဲနောင်ဝင်းက မီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာပါက မီးငြိမ်းသတ်ရန်နည်းလမ်းများ၊ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကို ပြောကြားခဲ့သည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများ စစ်ဆေးခြင်း၊ မီးသတ်ပဖွဲ့ဝင်များက ဈေးသူဈေးသားများအား အရေးပေါ် မီးငြိမ်းသတ်နည်းများကို မီးသတ်ယာဉ်ဖြင့် လက်တွေ့ရေပက်ဖျန်းကာ သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**ဝဝေ**
**(လေးမျက်နှာ)**

## ကျိုက်မရော၌ ပိန်းဥစိုက်တောင်သူများ ဈေးကောင်းရရန် မျှော်လင့်

**ကျိုက်မရော ဖေဖော်ဝါရီ ၂၆**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိန်းဗျော ကျေးရွာမှ တောင်သူများသည် ဆောင်းသီးနှံအဖြစ် ပိန်းပင်အများအပြား စိုက်ပျိုးထားကြသောကြောင့် တန်ခူးလပိန်းဥတူးရာသီချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြသည်။

ပိန်းဥသည် မီးဖိုချောင်သီးနှံတစ်မျိုးလည်းဖြစ်ပြီး အပင်တစ်ပင်လုံးစားသုံးရန် အသုံးဝင်ကာ အပင်ကြီးမှထွက်သော အပင်ပေါက်အတက်လေးများကိုဟင်းချိုအဖြစ် စားသုံးလေ့ရှိပြီး အခြားအသားငါးများဖြင့်လည်း ရောနှော၍ ချက်စားလျှင် အလွန်စားကောင်းကြောင်း၊ ပိန်းပင်တာလပေ့ါဟင်းချိုအဖြစ် အိမ်ရှင်မများ ချက်ပြုတ်စားသောက်ကြပြီး ပိန်းဥသည် ဗီတာမင်အေအပြည့်အဝပါရှိသော စားသောက်ကုန်အဖြစ် ဈေးကွက်ထဲတွင် နာမည်ရှိပြီး လူမျိုးဘာသာမရွေး ကြိုက်နှစ်သက်သော ပိန်းဥပင်များကို ကျိုက်မရောမြို့နယ် ဘိန်းဗျောရွာ ဒေသထွက်ကုန်သီးနှံအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် မော်လမြိုင်မုဒုံစသည့် ဈေးများသို့ ဖောက်သည်သွင်းရောင်းချရကြောင်း သိရသည်။



ပိန်းဥပင်ကို ဥဖြင့်ပျိုးထောင်စိုက်ပျိုးရပြီး တစ်ရာသီလျှင် လေးလကြာမြင့်သဖြင့် စိုက်ပျိုးသူ တောင်သူများအနေဖြင့် ယခုကာလတွင် စီးပွားရေးအဆင်ပြေစေရန် ပိန်းဥဈေးကောင်း ရရှိရန်မျှော်လင့်နေကြကြောင်း တောင်သူ ဦးစိန်မြင့်ထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ဝန်းသိုမြို့၌ ပန်းဂေါ်ဖီခေါ်(ပန်းမုန်လာ) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုစီးပွားရေးအဆင်ပြေ

**ကောလင်း ဖေဖော်ဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ဆောင်းသီးနှံများဖြစ်သည့် ပန်းဂေါ်ဖီခေါ် (ပန်းမုန်လာ )များကို တစ်ပိုင်တစ်နိုင်စီးပွားဖြစ် စိုက်ပျိုးကြရာ ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ဝန်းသိုမြို့နယ် အုပ်ဖိုကျေးရွာမှ ပန်းမုန်လာများ စိုက်ပျိုးရောင်းချသူ ဒေါ်နန်းဝင်းအေးထံမှ သိရသည်။

အဆိုပါပန်းမုန်လာများကို နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ယခုပန်းမုန်လာအပွင့်ကြီးတစ်ပွင့်လျှင် ငွေကျပ်၃၀၀၊ ၄၀၀ ရောင်းရကြောင်း၊ ပန်းမုန်လာများအပြင်ဂေါ်ဖီ (မုန်လာထုပ်)များ၊ ကိုက်လန်၊ မုန်ညင်းများ၊ ပဲကော့သီးများ၊ တိုင်ထောင်ပဲ၊ ပဲတောင့်ရှည်များ၊ ခရမ်းချဉ်သီးများ၊ မုန်ညင်းများ၊ ဖရုံသီး၊ ဘူးသီးနှင့် အခြားသီးပင်စားပင်များကိုလည်း စိုက်ပျိုးရောင်းချလျက်ရှိကြောင်း ပန်းမုန်လာစိုက်ပျိုးရောင်းချသူ ဦးမြင့်ထွန်းက ပြောကြားသည်။

ဝန်းသိုမြို့နယ်အတွင်းရှိ နန်းလှိုင်းချောင်းနှင့် ဒေါင်းမြူးချောင်းတစ်လျှောက် သဲသောင်ပြင်စိုက်ခင်းများတွင် တစ်ပိုင်တစ်နိုင်စီးပွားဖြစ် ဆောင်းသီးနှံများကို မိသားစုအပိုဝင်ငွေများရရှိစေရန် နှစ်စဉ်စိုက်ပျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## နှစ်ရှည်ပင်ဖြစ်သော အာဆီယံသပြေနှင့် ပတ္တမြားသပြေတို့ကို မြေအောက်ရေသွင်းစိုက်ပျိုး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၆**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ဖောင်းကတောကျေးရွာအုပ်စု ဖောင်းကတောအနောက် ရွာသစ်ကျေးရွာတွင် နှစ်ရှည်ပင်ဖြစ်သော အာဆီယံသပြေပင်နှင့် ပတ္တမြားသပြေပင်များကို မြေအောက်ရေသွင်း စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိသည်။

နှစ်ရှည်ပင်ဖြစ်သော သပြေပင်စိုက်ပျိုးသူ တောင်သူများအနေဖြင့် သပြေပျိုးပင်များကို မန္တလေးမြို့မှ တစ်ပင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး စတင်စိုက်ပျိုးချိန်မှ သုံးလကျော်ခန့် အကြာတွင် ဈေးကွက်၌ ရောင်းချနိုင်ပြီးဖြစ်သောကြောင့် နေ့စဉ်ဝင်ငွေ ကျပ် ၂၀၀၀၀၊ ၃၀၀၀၀ ခန့် ရရှိကြောင်း သိရသည်။

အာဆီယံသပြေပင်နှင့် ပတ္တမြားသပြေပင်များ စိုက်ပျိုးသူ ဖောင်းကတောအနောက်ရွာမှ တောင်သူဦးမောင်ညိုက "နှစ်ရှည်ပင်ဖြစ်တဲ့ အာဆီယံသပြေပင်နဲ့ ပတ္တမြားသပြေပျိုးပင်တွေကို ကျွန်တော်တို့က မန္တလေးမြို့ကနေ တစ်ပင်ကို ကျပ် ၂၀၀ နဲ့ ဝယ်ယူရတာဖြစ်ပါတယ်၊ တစ်ဧကမှာ အပင်ပေါင်း ၁၀၀၀ ကျော်ကို တစ်ပင်နဲ့ တစ်ပင်ကြား သုံးပေခန့် ခွာစိုက်ပျိုးတယ်၊ စတင်စိုက်ပျိုးချိန်ကစပြီး အချိန် သုံးလလောက်အကြာမှာ အပင်တွေက အညွန့်တွေ၊ အကိုင်းအခက်တွေကို ရောင်းလို့ရပါပြီ၊ နှစ်ရှည်ပင်ဖြစ်တဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ စိုက်ပျိုးကုန်ကျစရိတ် နည်းပါးပြီး နေ့စဉ်နေတိုင်း ဝင်ငွေရရှိတာဖြစ်တဲ့အတွက် တွက်ခြေကိုက်ပါတယ် " ဟု ပြောကြားသည်။

**ရေနံ့သာ**

# ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ



**ဘားအံ ဖေဖော်ဝါရီ ၂၆**
၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများကို ကိုဗစ် ၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့ အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပထမအဆင့် ပြင်ဆင်ခြင်းအနေဖြင့် ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ကျောင်းများရှိ ပရိဘောဂမှအစ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဆိုင်ရာလိုအပ်သည့် အထောက်အကူပြုပစ္စည်းများပြည့်စုံစွာ ပြင်ဆင်ထားရှိရမည်ဖြစ်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ပါက သင်ကြားပေးနိုင်သည့် ဆရာ ဆရာမအင်အားကိုလည်း စုစည်းထားဖို့လိုကြောင်း၊ ယခုအစည်းအဝေးတွင် မြို့နယ်အလိုက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များ၊ အခက်အခဲများ၊ ဆောင်ရွက်လိုသည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်းနှီးနှီး တင်ပြဆွေးနွေးပေးကြစေလိုပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးရဲထွန်းဦးက အခြေခံပညာကျောင်းများဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်အပိုင်းအခြားအရ ကိုင်ဆောင်သင့်သည့် သက်ဆိုင်ရာ နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုးကို ဆောင်ရွက်ပေးဖို့ စီမံချက်များရေးဆွဲထားပြီး ဖြစ်ပါကြောင်းနှင့် အဖွဲ့ဝင်(၅) ဦးဇော်ဝင်းက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်းပြီး ကျောင်းအဆောက်အအုံသစ်ဆောက်လုပ်ငန်းခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သင်ကြားမှု ဆရာ ဆရာမ အခက်အခဲအခြေအနေ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ အခြေအနေ၊ ပညာရေးနယ်ပယ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြညှိနှိုင်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်းပြီး လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများလှူဒါန်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**
လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက တတ်နိုင်သလောက် လုပ်ဖော်ကိုင်ဖက်များကို ကူညီရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးပေါ်ပြဋ္ဌာန်းချက်နှင့်အညီ အားလုံး တည်ငြိမ်အေးချမ်းရန်၊ စီးပွားရေးပြန်လည်တိုးတက်လာရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် ရေတိုရေရှည်စီမံကိန်းအောင်မြင်ရန်၊ ကျောင်းများ မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ တပ်မတော်သားနှင့် တပ်ဖွဲ့ဝင်များက ကျောင်းများတွင် သန့်ရှင်းရေး ပြုလုပ်ပေးနေကြကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကူညီပေးကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးနှင့် သတင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ဝိုင်းဝန်းကူညီပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းရာ အမှတ်(၉၄) ခြေလျင်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးဇင်မင်းထွန်း၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ ရဲမှူးချုပ်တင်ကိုကို၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ပြည်နယ်ဦးစီးမှူးတို့က လက်ခံရယူပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ ရဲမှူးချုပ်တင်ကိုကိုက ရဲတပ်ဖွဲ့များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အဆိုပါ စေတနာရှင် အလှူရှင်များက ထောက်ပံ့လှူဒါန်းပေးသောပစ္စည်းများမှာ ကြက်ဥ၊ ရေသန့်၊ ပဲပုပ်ကြော်၊ အသားတုံး၊ ကော်ဖီမစ်၊ ရွှေဖီဦး လက်ဖက်ရည်၊ ဆီ၊ ကုလားပဲတို့ ဖြစ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လမ်းပိတ်ဆို့ကာ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ဆူပူလူစုလူဝေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လမ်း(၃၀) (၆၈/၇၀) လမ်းကြားတွင် လူစုလူဝေး ၄၀၀ ကျော်ခန့်သည် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ (၃၅/၈၅) လမ်းကြား မြတောင်ကျောင်းအရှေ့တွင် လူစုလူဝေး ၂၅၀ ခန့်သည် လည်းကောင်း၊ (၆၂/၁၀၄)(A) လမ်းထောင့်တွင် အင်အား ၁၀၀ သည်လည်းကောင်း အများပြည်သူ သွားလာအသုံးပြုနေကြသည့် လမ်းမများပေါ်တွင် လမ်းပိတ်ဆို့မှုများ ပြုလုပ်ကာ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ဆူပူလျက်ရှိကြောင်း သိရသည်။

ထိုသို့ သတင်းရရှိမှုအပေါ်မူတည်၍ အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ သတ်မှတ်ညွှန်ကြားချက်များကို ချပြရှင်းလင်းပြီး လူစုခွဲရန် အကြိမ်ကြိမ်သတိပေးခဲ့သည်။

သို့ရာတွင် တာဝန်ရှိသူများ၏ တားမြစ်မှုများကို လိုက်နာမှုမရှိဘဲ ဆက်လက်ဆူပူအော်ဟစ် ဆန္ဒပြနေကြသဖြင့် လူစုလူဝေးထိန်းသိမ်းမှုနည်းလမ်းများအတိုင်း အသံမြည်ဗုံးနှင့် ပွိုင့်-၁၂ ဗို့ပြောင်းချောသေနတ်တို့ဖြင့် ခြောက်လှန့်ပစ်ခတ်ခြင်းများ ဆောင်ရွက်၍ လူစုခွဲခဲ့ရသည်။

ဖော်ပြပါဖြစ်စဉ်များတွင် လူစုလူဝေးပြုလုပ်ကာ ဆူပူဆန္ဒပြသူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၃၉ ဦးကို ဖမ်းဆီးထိန်းသိမ်းပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# မြောက်ဦးမြို့ အခြေခံပညာစာသင်ကျောင်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြောက်ဦး ဖေဖော်ဝါရီ ၂၆**
ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မင်းသားကျွန်း အခြေခံပညာအထက်တန်းကျောင်း အထက(၁)နှင့် ပြင်စျေး အခြေခံပညာအထက်တန်းကျောင်း အထက ကျောင်းခွဲများတွင် အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယမန်နေ့ နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာစာသင်ကျောင်းများအား မြောက်ဦးမြို့ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါး ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် အင်အား ၁၂၀၀ ခန့်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အင်အား ၃၅၀၀ ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွမ်းသီးပင်အုပ်စု တံခွန်တိုက်ကျေးရွာတွင် အင်အား ၃၅၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဘီလင်းကျေးရွာတွင် အင်အား ၁၂၀၀ ခန့်ဖြင့် လည်းကောင်း အသီးသီးပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှု၊ မဲခိုးမှုများ အမြန်ဖော်ထုတ်ပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေး သစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေးဆောင်ရွက်နေမှုများကို အများပြည်သူများက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့်ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၃၄၅၀၊ အတွင်းလူနာ ၃၅၆၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၄၇၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၉၈ ဦး စုစုပေါင်း ၂၂၇၇ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၈၅၄ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၂၅၉ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၁၁၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၀၅၉၅၃၁ | ၁၉၄၃၇၁၁၉ | ၅၂၀၉၈၀ |
| ၂။ | အိန္ဒိယ | ၁၁၀၆၈၅၂၁ | ၁၀၇၅၄၄၉၇ | ၁၅၆၈၉၀ |
| ၃။ | ဘရာဇီး | ၁၀၃၉၃၈၈၆ | ၉၃၂၃၆၉၆ | ၂၅၁၆၆၁ |
| ၄။ | ရုရှား | ၄၂၃၁၈၈၆ | ၃၇၈၃၃၈၆ | ၈၅၃၀၄ |
| ၅။ | ဗြိတိန် | ၄၁၅၄၅၆၂ | ၂၇၂၇၄၆၆ | ၁၂၂၀၇၀ |
| ၆။ | ပြင်သစ် | ၃၆၈၆၈၀၃ | ၂၅၄၈၆၈ | ၈၅၅၈၂ |
| ၇။ | စပိန် | ၃၁၈၀၂၁၂ | ၂၆၁၇၃၉ | ၆၈၈၀၃ |
| ၈။ | အီတလီ | ၂၈၆၈၄၃၅ | ၂၃၇၅၃၁၈ | ၉၆၉၇၄ |
| ၉။ | တူရကီ | ၂၆၇၄၇၆၆ | ၂၅၄၆၅၀၃ | ၂၈၃၅၈ |
| ၁၀။ | ဂျာမနီ | ၂၄၂၉၇၈၉ | ၂၂၃၅၇၀၀ | ၇၀၁၅၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၂၂၈၆၆ | ၁၁၂၈၆၇၂ | ၃၅၇၈၆ |
| ၂။ | ဖိလစ်ပိုင် | ၅၇၁၃၂၇ | ၅၂၄၅၈၂ | ၁၂၂၄၇ |
| ၃။ | မလေးရှား | ၂၉၅၉၅၁ | ၂၆၆၈၄၆ | ၁၁၁၁ |
| ၄။ | မြန်မာ | ၁၄၁၈၇၅ | ၁၃၁၄၃၅ | ၃၁၉၈ |
| ၅။ | စင်ကာပူ | ၅၉၉၁၃ | ၅၉၇၈၅ | ၂၉ |
| ၆။ | ထိုင်း | ၂၅၈၀၉ | ၂၄၉၅၂ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၂၆ | ၁၈၃၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၇၄၁ | ၄၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# အာဆင်နယ်က ဘင်ဖီကာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့် တက်လှမ်း

အာဆင်နယ်အသင်းဟာ ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘင်ဖီကာအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး–သုံးဂိုးနဲ့ အနိုင်ရပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

အာဆင်နယ်အသင်းနဲ့ ဘင်ဖီကာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို အူဘာမေယန်က ပွဲကစားချိန် ၂၁ မိနစ်နဲ့ ၈၇ မိနစ်တို့မှာ နှစ်ဂိုးနဲ့ တီယာနေးက ပွဲကစားချိန် ၆၇ မိနစ်မှာ တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘင်ဖီကာအသင်းအတွက် ချေပဂိုးတွေကတော့ ဂွန်ကယ်လ်ဗက်စ်က ပွဲကစားချိန် ၄၃ မိနစ်မှာ တစ်ဂိုးနဲ့ ဖာရီယာဆေးလ်ဗားက ပွဲကစားချိန် ၆၁ မိနစ်မှာ တစ်ဂိုးအသီးသီးသွင်းယူ ပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဘင်ဖီကာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘောလုံးရာသီလေးရာသီ အတွင်းမှာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်ကို သုံးကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး အူဘာမေယန်ကတော့ ယခုနှစ်ဘောလုံးရာသီ အတွင်းမှာ အာဆင်နယ်အသင်းနဲ့အတူ ရှုံးထွက်ပွဲစဉ်တွေမှာ သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ကာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ငါးဂိုး၊ ယူရိုပါလိဂ်ပြိုင်ပွဲမှာ လေးဂိုးနဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။





# ၂၀၂၄ ခုနှစ်နောက်ပိုင်းအထိ အဲဗာတန်၌ ဆက်ရှိနေဖို့ ဆန္ဒရှိနေတဲ့ နည်းပြအန်စလော့တီ

အဲဗာတန်အသင်းနည်းပြ ကာလို့အန်စလော့တီဟာ ၂၀၂၄ ခုနှစ်နောက်ပိုင်းအထိ လက်ရှိကလပ် အဲဗာတန်အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၆၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အီတလီနိုင်ငံသား နည်းပြအန်စလော့တီဟာ လက်ရှိမှာ အဲဗာတန်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။ နည်းပြအန်စလော့တီဟာ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းရဲ့ နည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ပရီမီယာလိဂ်ဖလားတစ်ကြိမ်နဲ့ အက်ဖ်အေဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပြီး အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်အထိ ရယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။

ဒါ့ပြင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း ဘာနေဗျူးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပြီး လက်ရှိအဲဗာတန်အသင်းနည်းပြဘဝမှာလည်း ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းကို တာဝန်ယူကိုင်တွယ်လျက်ရှိနေစဉ်မှာလည်း ပရီမီယာလိဂ်ပွဲစဉ် ၂၄ ပွဲကစားပြီးချိန်မှာ ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယားအဆင့် ၇ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ စနေနေ့ညပိုင်းက မာဆေးလ်ဆိုက်ဒ်ဒါဘီပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာကြောင့် ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာ အန်ဖီးလ်ကွင်းမှာ လီဗာပူးအသင်းကို ပထမဆုံးနိုင်ပွဲရရှိခဲ့ပါတယ်။ ဒါကြောင့် အဲဗာတန်အသင်းနဲ့အတူ အောင်မြင်မှုတစ်ရပ်ရယူနိုင်ဖို့အတွက် နည်းပြအန်စလော့တီက အဲဗာတန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးချိန်နောက်ပိုင်းအထိ အဲဗာတန်အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေခဲ့တာဖြစ်ပါတယ်။

# ရီးယဲလ်ဆိုစီဒက်ကို နှစ်ကျော့ပေါင်းရလဒ်လေးဂိုးပြတ်နဲ့ အနိုင်ရပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့်သို့ မန်ယူအသင်း တက်လှမ်း

မန်ယူအသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားတဲ့ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ပေမယ့် ပထမအကျော့ပွဲစဉ်မှာ မန်ယူအသင်းက ရီးယဲလ်ဆိုစီဒက်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိထားခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

မန်ယူအသင်းဟာ ရီးယဲလ်ဆိုစီဒက်အသင်းကို အနိုင်ရရှိကာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်း နိုင်ခဲ့တာကြောင့် မန်ယူအသင်းအနေနဲ့ ယူရိုပါလိဂ် ၃၂ သင်းအဆင့်မှာ နောက်ဆုံးကစားခဲ့တဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့တဲ့ ငါးကြိမ်စလုံး အနိုင်ရရှိကာ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ပြီး ၂၀၁၁–၁၂၊ ၂၀၁၅–၁၆၊ ၂၀၁၆–၁၇၊ ၂၀၁၉–၂၀ နဲ့ အခုနှစ် ဘောလုံးရာသီတို့မှာ နိုင်ပွဲတွေရရှိခဲ့ကာ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။



ဒါ့ပြင် မန်ယူအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၂ ခုနှစ် မတ်လအတွင်း ပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း အိုးထရက်ဖို့ဒ်မှာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ရတဲ့ ယူရိုပါလိဂ်ပွဲစဉ် ၁၅ မှာ ရှုံးပွဲမရှိစံချိန်တင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ် ဆိုစီဒက်အသင်းကတော့ ပြိုင်ပွဲအရပ်ရပ်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်လေးပွဲစလုံး နိုင်ပွဲမရရှိတဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့ပြီး အဲဒီပွဲစဉ် လေးပွဲစလုံးမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် စတမ်းဖို့ဒ်ဘရစ်ချ်မှာ ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

# ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်များမဲခွဲ၊ မန်ယူအသင်းနဲ့ အေစီမီလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။



၂၀၁၉ ခုနှစ်အတွင်းက ယူရိုပါလိဂ်နောက်ဆုံးဖိုင်နယ်ပွဲအထိ တက်လှမ်းနိုင်ခဲ့တဲ့ အာဆင်နယ်အသင်းဟာ ဂရိကလပ် အိုလံပီယာကို့စ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ အခြားသောကလပ်အသင်းတစ်သင်းဖြစ်တဲ့ စပါးအသင်းကတော့ ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး ရိန်းဂျားအသင်းကတော့ ချက်ကလပ် ဆလာဗီးယာပရက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသော ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်တွေအဖြစ် အေဂျက်အသင်းက ယန်းဘွိုင်းအသင်းနဲ့လည်းကောင်း၊ ဒိုင်နမိုကိဗ်အသင်းက ဗီလာရီးယဲလ်အသင်းနဲ့လည်းကောင်း၊ ရိုးမားအသင်းက ရှက်တာဒိုးနက်စ်ခ်အသင်းနဲ့လည်းကောင်း၊ ဂရန်နာဒါအသင်းက မိုလ်ဒီအသင်းနဲ့လည်းကောင်း အသီးသီးတွေ့ဆုံနေတာဖြစ်ပါတယ်။

ငွေကြယ်– ရေးသားသည်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအကျိုးကျေးဇူးတွေနဲ့ ပြည့်စုံလိုက်ပါသလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနေဖြင့် အနည်းဆုံး (၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ရောဂါလက္ခဏာများ ပေါ်ပေါက်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ပြည့်စုံပါသည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြန်အဆိုင်း ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရ၍ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်အထိ မြန်ဆန်သော်လည်း ပုံမှန်ကာကွယ်ဆေးထုတ်လုပ်ရာတွင် အသုံးပြုနေသော ကာကွယ်ဆေးများနည်းတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုထားပါသည်။ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်းများ အတိုင်း ထုတ်လုပ်ထားပြီး ကာကွယ်ဆေး၏ ဘေးကင်းမှု၊ ထိရောက်မှုတို့ကို လူအများအပြားတွင် စမ်းသပ်ပြီးမှသာ ကာကွယ်ဆေးထိုးနှံရန် ခွင့်ပြုထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါသည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံခြင်းဖြင့် မိမိကိုယ်ကို ရောဂါမှ ကာကွယ်နိုင်သည့် အပြင် မိသားစုနှင့် အသိုင်းအဝိုင်းကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်းနှင့် လူအချင်းချင်း (၆)ပေ အကွာအဝေးခြားခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားခဲ့သူများသော်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်မှု ကာကွယ်ရန် ကိုယ်ခံအားစနစ်ကို ပိုမိုအားကောင်း စေမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

အပေါ်ကယ်ဆေးအမြင့်ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခံစွမ်းအား တောင့်တင်းလာရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ ထို့ကြောင့် COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် ဆပ်ပြာနှင့်ရေဖြင့် မကြာခဏဆေးကြောခြင်းနှင့် လူအချင်းချင်းကြား (၆)ပေအကွာအဝေးခြားခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ် ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါပိုးသယ်ဆောင်ဖြစ်ပွားမှုကို အပြန်အလှန်ကူးစက်မှုမရှိစေ ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်းနှင့် လူအချင်းချင်း ကြား (၆)ပေအကွာအဝေးခြားခြင်းတို့ကို မသေချာမှုအဆင့်ပေါ် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုညီလာခံကိုယ်စားလှယ်အဖြစ် BLACK PINK ခန့်အပ်ခံရ




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ဟာ ဒေသတွင်းမှာသာမက အနောက်နိုင်ငံတွေအထိပါ အောင်မြင်နေတဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ လာမယ့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံအတွက် ကိုယ်စားလှယ်တွေအဖြစ် ခန့်အပ်ခံခဲ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက်က ဆိုးလ်မှာရှိတဲ့ ဗြိတိန်သံရုံးမှာ ပြုလုပ်ခဲ့တဲ့ ကိုယ်စားလှယ်ခန့်အပ်ပွဲကို BLACK PINK အဖွဲ့ဝင်တွေ တက်ရောက်ခဲ့ပါတယ်။ BLACK PINK အဖွဲ့ဟာ အဆိုပါအခမ်းအနားမှာ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ရေးသားပေးပို့ခဲ့တဲ့ စာတစ်စောင်ကို တာဝန်ရှိသူတစ်ဦးထံကနေ လွှဲပြောင်းလက်ခံရယူခဲ့တယ်လို့လည်း သိရပါတယ်။



# ဘရူနိုမားစ်၏ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည်

နှစ်နှစ်ခန့် တေးသီချင်းသစ် ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိတဲ့ တေးသံရှင် ဘရူနိုမားစ်က လတ်တလောမှာတော့ တေးသီချင်းသစ်နဲ့ အယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်အကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း ဘရူနိုမားစ်က ဖေဖော်ဝါရီ ၂၅ ရက်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရူနိုမားစ်က သူဟာ Silk Sonic တီးဝိုင်းနဲ့ တွဲဖက်ကာ တေးအယ်လ်ဘမ်တစ်ခု ပြင်ဆင်နေကြောင်း လူမှုကွန်ရက်ပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဘရူနိုမားစ်က တေးအယ်လ်ဘမ်သစ်ကို လုပ်ဆောင်နေပြီဖြစ်ကြောင်းနဲ့ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ကို လာမယ့် မတ် ၅ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြထားပါတယ်။

လက်ရှိအချိန်အထိ ဘရူနိုမားစ် နောက်ဆုံးထုတ်လွှင့်ထားတဲ့ တေးသီချင်းကတော့ Blow ဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးသီချင်းကို ဘရူနိုမားစ်က နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ အက်ဒ်ရှီရန်နဲ့ ခရစ်စတက်လတန်တို့နဲ့ တွဲဖက်သီဆိုထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

# မင်းသမီးဒိုင်ယာနာနဲ့ တူလွန်းတဲ့ ခရစ်စတင်းစတူးဝပ်

မင်းသမီး ဒိုင်ယာနာအကြောင်းကို ရိုက်ကူးထားတဲ့ရုပ်ရှင် Spencer မှာ မင်းသမီး ခရစ်စတင်းစတူးဝပ်က ဒိုင်ယာနာမင်းသမီးနေရာမှာ ပါဝင်သရုပ်ဆောင်ထားတာပါ။ လတ်တလောမှာ အဆိုပါ ရုပ်ရှင်မှာပါဝင်တဲ့ ခရစ်စတင်းစတူးဝပ်ရဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ရာမှာတော့ ပရိသတ်တွေက မင်းသမီးဒိုင်ယာနာနဲ့ အတော်လေးပင်တူကြောင်း မှတ်ချက်ပြုဖော်ပြခဲ့ကြတယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံတွေမှာ ခရစ်စတင်းစတူးဝပ်ကို ရွှေဝါရောင်ဆံပင်တွေနဲ့ တကယ်ကို လိုက်ဖက်နေတဲ့ တော်ဝင်မင်းသမီးလေးအဖြစ် တွေ့မြင်ရပါတယ်။ ဒီဓာတ်ပုံတွေကြောင့် Twilight ဇာတ်လမ်းတွဲ ရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်ဘယ်လာဆွမ်းအဖြစ် ပရိသတ်တွေက အမှတ်ရနေတဲ့ ခရစ်စတင်းစတူးဝပ်ရဲ့ ပုံရိပ်တွေကွယ်ပျောက်ကာ မကြာမီမှာ တော်ဝင်မင်းသမီးတစ်ဦးအဖြစ် အမှတ်ရနေတော့မှာလည်းဖြစ်ပါတယ်။




# စစ်မှုထမ်းဆောင်ပြီးနောက် ပရိသတ်ရှေ့အရောက်ပြန်လာမယ့် လီဂျောင်ဆပ်



တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတွေရဲ့ဘုရင်လို့ တင်စားရလောက်တဲ့ မင်းသားတစ်ဦးဖြစ်သူ လီဂျောင်ဆပ်ကို မကြာမီမှာ ရုပ်ရှင်သစ်နဲ့အတူ ပြန်လည်တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။ လီဂျောင်ဆပ်ဟာ စစ်မှုထမ်းဆောင်ပြီးနောက် သူပြန်လာပြီဖြစ်ကြောင်း ပရိသတ်တွေကို လူမှုကွန်ရက် မီဒီယာပေါ်ကနေ တစ်ဆင့် စာရေးသားဖော်ပြကာ အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

လီဂျောင်ဆပ်ဟာ စစ်မှုထမ်းဆောင်ပြီးနောက် ဆက်လက်လုပ်ဆောင်သွားမယ့် သူ့ရဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေနဲ့ပတ်သက်ပြီး လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဆိုပါ အင်တာဗျူးမှာ လီဂျောင်ဆပ်က သူ့အနေနဲ့ အရင်နဲ့မတူတဲ့ အရာတွေကို လုပ်ဆောင်လိုကြောင်းနဲ့ သူ့ကိုစောင့်မျှော်နေတဲ့ ပရိသတ်တွေအတွက် တကယ့်ကို ကောင်းမွန်တဲ့ ဖျော်ဖြေတင်ဆက်မှုမျိုးကို ပေးနိုင်အောင် ပြင်ဆင်မှုတွေ ပြုလုပ်နေတယ်လို့လည်း ဆိုပါတယ်။

ဒါ့အပြင် လီဂျောင်ဆပ်က The Witch ဇာတ်လမ်းတွဲရုပ်ရှင်မှာ အထူးသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ဖြစ်ခဲ့တဲ့အကြောင်းကိုလည်း Elle မဂ္ဂဇင်းနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ထည့်သွင်းဖြေကြားခဲ့ပါတယ်။ မင်းသားက သူ့အနေနဲ့ အဆိုပါရုပ်ရှင်မှာ ယခင်ကနဲ့မတူတဲ့ပုံစံမျိုးနဲ့ ပရိသတ်တွေကို ချပြလိုတာကြောင့် သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ဆံပင်ရှည်ထားဖြစ်ခဲ့တယ်လို့လည်း ဆိုပါတယ်။

လက်ရှိမှာ လီဂျောင်ဆပ်ဟာ ရုပ်ရှင်သစ်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ရာ ကမ်းလှမ်းခံထားရပြီး ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**

# လေဒီဂါဂါရဲ့ ခွေးလေးတွေပြန်ရှာပေးနိုင်သူကို အမေရိကန်ဒေါ်လာ ငါးသိန်း ဆုချမည်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက လတ်တလောမှာ အခိုးခံလိုက်ရတဲ့ သူ့ရဲ့ ပြင်သစ်ခွေးဘီလူးအမျိုးအစား ခွေးလေးနှစ်ကောင်ပျောက်ဆုံးနေတဲ့အတွက် အလွန်ကို ဝမ်းနည်းနေကြောင်း သူ့ရဲ့ဖခင်က ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ ခွေးလေးတွေကို ပြန်ရှာပေးနိုင်သူကို ဆုငွေအနေနဲ့ အမေရိကန်ဒေါ်လာ ငါးသိန်းချီးမြှင့်မှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခွေးလေးတွေ ပျောက်ဆုံးသွားချိန်မှာ လေဒီဂါဂါဟာ ရောမမှာ ရိုက်ကူးရေးလုပ်ငန်းအတွက် ရောက်ရှိနေချိန်လည်း ဖြစ်ပါတယ်။ ခွေးလေးတွေ ပျောက်သွားတဲ့အကြောင်းနဲ့ ပတ်သက်ပြီး လေဒီဂါဂါက သူကိုယ်တိုင် တစ်စုံတစ်ရာ မှတ်ချက်ပြု ပြောကြားခဲ့ခြင်းမရှိပေမယ့် လော့စ်အိန်ဂျလိစ်ရဲဌာနကတော့ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးထံမှ ပြင်သစ်ခွေးဘီလူးနှစ်ကောင် ဟောလိဝုဒ်မှာရှိတဲ့ စီရာဘိုနီတာအိမ်ရာမှာ အခိုးခံရမှု ဖေဖော်ဝါရီ ၂၄ ရက်က ဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။

အဆိုပါအမျိုးသားဟာ လေဒီဂါဂါရဲ့ ခွေးလေးတွေကို လမ်းလျှောက်ထွက်ပေးရသူဖြစ်ကြောင်း မီဒီယာများစွာက အတည်ပြုဖော်ပြခဲ့ကြပါတယ်။ ၎င်းကို သေနတ်နဲ့ပစ်ကာ ခွေးလေးတွေကို လုယူခေါ်ဆောင်သွားတာလည်း ဖြစ်ပါတယ်။ လေဒီဂါဂါရဲ့ ခွေးလေးသုံးကောင်အနက် တစ်ကောင်လွတ်မြောက်ခဲ့ပြီး နှစ်ကောင် အခိုးခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှိုင်
### (ကဗျာဆရာ ဖျာပုံမောင်လွမ်းသိမ့်)
### အသက်(၇၉)နှစ်

ဦးတင်လှိုင် (ကဗျာဆရာ-ဖျာပုံမောင်လွမ်းသိမ့်)၊ (နာယက၊ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့)သည် ၂၄-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်(ဖျာပုံ)**

---

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်(၁၀၃)၊ ၄-လွှာ၊ ဧရိယာ(၂၄x ၃၈)ပေ အကျယ်အဝန်းရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းမြင့် [၁၂/မဂတ(နိုင်)၀၃၆၃၀၉] (ကွယ်လွန်သူ ဦးကျော်ထွန်းမြ [၁၂/မဂတ(နိုင်)၀၃၆၈၉၆]၏ ဇနီးဖြစ်သူ)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ်(၇၉၁/ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေရှိသော ဦးသန့်ဇင်ဦး အမည်ပေါက် ပါမစ်မြေဖြစ်သော မြေကွက်ကြီးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသန့်ဇင်ဦး[၁၃/ရစန(နိုင်)၀၀၄၈၄၉]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃)**
**အမှတ်(၄၆/ခ)၊ မြောင်းမြလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ်(၇၉၂/ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေ ရှိသော ဒေါ်နော်နော်မိုး အမည်ပေါက် ပါမစ်မြေဖြစ်သော မြေကွက်ကြီးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နော်နော်မိုး [၁၂/ဥကတ(နိုင်)၁၃၁၁၅၅]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃)**
**အမှတ်(၄၆/ခ)၊ မြောင်းမြလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

---

## ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ်(၁၄၂/၁၅၀)၊ (၆)ခန်းတွဲ (၈)ထပ်တိုက်၏ တတိယထပ်၊ အခန်းအမှတ်(၃၀၆)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်တည်နေရာပါ လိပ်စာရှိ တိုက်ခန်းကို ဒေါ်မအေးဖြူ [၁၁/စတန(နိုင်)၀၂၀၆၅၁]က လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး မည်သည့်အရှုပ်အရှင်းမျှမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၇၃)**
**အမှတ်(၂၆၆/4B) ကျိုက္ကဆံလမ်း၊ မလွှကုန်းငွေကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5150215, 09-965150215**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှသိန်း (ဟသာၤတမြို့)
### တာမွေမြို့နယ်၊ တိုင်းဒေသကြီး(၁)၊ လွှတ်တော်ကိုယ်စားလှယ်
### အသက်(၇၀)

(ဦးအောင်တင်-ဒေါ်မယ်ပန်)တို့၏ သား၊ (ဦးကျော်ဗလ-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ် (၄၁)နေ ဒေါ်တင်တင်ဦး၏ ခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်ဝင်းသန္တာနိုင်၊ ဦးဝင်းနိုင်-ဒေါ်အိအိဖြိုး၊ ဦးကျော်မျိုးနိုင်-ဒေါ်မြတ်သစ္စာခိုင်တို့၏ဖခင်၊ မခင်မြတ်နိုး၊ မောင်မြတ်မင်းခန့်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁၁:၅၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ (၁၆၆) လမ်း၊ အမှတ်(၄၁) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်နွယ်
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၄၅)နေ (ဦးဘိုးစိုး-ဒေါ်ညိမ်းအေး)တို့၏ မြေး၊ (ဦးစံရင်-ဒေါ်ကျော့ရှင်)တို့၏ သမီးထွေး၊ (ဒေါ်တင်တင်)၏ ကိတ္တိမသမီး ဦးခင်မောင်-(ဒေါ်ခင်သန်းလေး)၊ (ဦးသန်းဆင့်-ဒေါ်ရီရီလှဲ့)တို့၏ ညီမ၊ ဒေါ်ယဉ်မင်းသူ၊ ဦးဝဏ္ဏမောင်-ဒေါ်စန်းစန်းအေး၊ (ဦးအာကာထွန်း)၊ ဦးမျိုးအောင်၊ ဒေါ်ဇွန်ဖြူထွန်းတို့၏အဒေါ် ဒေါ်ခင်ခင်နွယ်သည် ၂၁-၂-၂၀၂၁ ရက် နံနက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းရပ်ကွက်၊ အကွက်အမှတ်-(၃၁၄)၊ အလျားx အနံ (၄၀ပေx၆၀ပေ) ဦးမြင့်မောင်[၁၂/သလန(နိုင်)၀၆၂၀၅၉]၏ အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးဇော်မြင့် [၁၂/သလန(နိုင်)၀၈၉၁၄၂]မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်းထိုက် [၁၂/ပဘတ(နိုင်)၀၁၁၁၇၈]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးမင်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုလှိုင်(LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၅၀၁၀၅/၃၁-၇-၂၀၁၈)**
**C-42၊ ဖန်ချက်ဝန်ထမ်းအိမ်ရာ၊ သန်လျင်မြို့။ ဖုန်း - ၀၉-၂၆၂၅၅၁၀၇**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၇)လမ်း၊ အမှတ် (၂၀၀/က)နေ ဦးဝင်းနိုင် (ဘ-ဦးခင်မောင်အေး) [၁၂/ဥကတ(နိုင်)၀၅၆၂၃၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင်မှ လွှဲပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)နှင့် အထူးကိုယ်စားလှယ်လွှဲစာ (SP) လွှဲအပ်ခြင်းခံထားသူများအနေဖြင့် ဦးဝင်းနိုင်ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းတို့ကို မပြုလုပ်တော့ရန်နှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင်ထံသို့ လာရောက်ဆက်သွယ်ပြီး လွှဲပေးထားသော ကိုယ်စားလှယ်လွှဲစာများကို ပြန်လည်ပေးအပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လိုက်နာမှုမရှိဘဲ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B,D.B.L,D.I.L** | **LL.B, D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** |

**Hein Htet San Law Firm ဖုန်း-၀၉-၅၅၀၆၁၄၆၊ ၀၉-၅၅၀၄၂၆၅**

---

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မင်းခေါင်(၁)လမ်း၊ မြေကွက်အမှတ်(၃၂၆/က)၊ အလျား ၂၀ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ ဒေါ်ကြင်သန်း [၁၂/ဥကတ(နိုင်)၀၅၁၇၄၀] အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မင်းခေါင်(၁)လမ်း၊ မြေကွက်အမှတ်(၃၂၆/ခ)၊ အလျား ၂၀ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ ဒေါ်ညိုညိုထွန်း[၁၂/ဥကတ(နိုင်)၀၅၁၅၃၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက် (၂)ကွက်ပေါ်ရှိ အဆောက်အဦ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားပိုင်ရှင်ဖြစ်သူ ဒေါ်ထားရီ [၁၂/မရက(နိုင်)၀၈၄၀၈၈]မှာ ကွယ်လွန်သွားပြီဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ပြီး တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ(ခ) ဦးကျော်ထိုက် [၁၁/ကဖန(နိုင်)၀၀၆၉၀၃]မှ မိမိသာလျှင် တရားဝင်လက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုပြီး ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြသ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းမြင့်[၁၂/ဒလန(နိုင်)၀၀၀၄၈၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ၂၄-၂-၂၀၂၁ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသိမ်း[B.A(Law);LL.B]၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)**
**အမှတ်(၅၆၃)၊ ပီမိုးနင်း(၂)လမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၆၈၁**

---

## ဦးခင်မောင်ဦး (ပိန်းဇလုပ်)
### အသက် (၇၅) နှစ်

ပိန်းဇလုပ်မြို့နေ ဦးမောင်မောင်-ဒေါ်စိန်မွှေးတို့၏ သား၊ ဦးကျော်မြင့်ဦး-ဒေါ်ကြည်ကြည်ထွန်း၊ ဒုတိယဗိုလ်မှူးကြီး သီဟသူရကျော်ညွန့်-ဒေါ်ခင်ခင်ဦးတို့၏ ညီ/မောင်၊ ဦးဝင်းမြင့်ဦး၏ အစ်ကို၊ ရန်ကုန်မြို့၊ (၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ် (၂၅၂)နေ ဒေါ်မာရီးတာ၏ ခင်ပွန်း၊ (ဦးမောင်မောင်ဝင်း)-ဒေါ်အေးအေးဦး၊ ဦးနေလင်းဦး-ဒေါ်ရီရီစိုး၊ ဦးကိုကိုအောင်-ဒေါ်လွင်မာဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာသီဟဝင်း၊ မောင်ဝေယံတို့၏အဘိုး ဦးခင်မောင်ဦး (ကောင်းစုစံသာ အထွေထွေ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)သည် ၂၅-၂-၂၀၂၁ ရက် ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးမောင်မောင်သစ်(ခ) ဦးမျိုးမြင့်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၀၇)၊ (၃၃) လမ်း၊ မြေညီထပ်နေ (ဦးမြင့်သိန်း-ဗိုလ်မှူးဒေါ်ရင်မေ)တို့၏ သားထွေး၊ (ဦးမြင့်သိန်း)-Dr. ဒေါ်ခင်မေသီ၊ ဦးမြင့်သိန်း-ဒေါ်ခင်ဝေသီ (ခေတ္တ-ပြင်သစ်)တို့၏ မောင်၊ (ဦးကျော်စိုး)-ဒေါ်ဥမ္မာလွင်၊ Dr. အောင်ကျော်ဆန်း(ခေတ္တ-ဘန်ကောက်)- Jirangrug Samarjarn တို့၏ညီ၊ ဦးတင်မောင်လတ်-ဒေါ်အေးအေးမြင့်တို့၏ အစ်ကို၊ ဒေါ်အေး၏ခင်ပွန်း၊ ဦးဆွေမော်၊ ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသောဖခင်သည် ၂၂-၂-၂၀၂၁ (တနင်္လာနေ့) ညနေ ၄:၄၅ နာရီတွင် ဂရန်းဟံသာ အင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဘော်ဘော်သိန်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၄)လမ်း အထက်၊ အမှတ် (၃၆၈/က)နေ ဦးကျင်သိန်း-(ဒေါ်မြင့်မြင့်)တို့၏ သား၊ (ဦးအောင်ဇင်-ဒေါ်စိန်ထွေး)တို့၏ သားသမက်၊ ဒေါ်လှတင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းကျော်သိုက်-မသဲသိမ့်သိမ့်သူတို့၏ ဖခင်၊ ဦးဥတ္တမ (သဘာဝတရားရိပ်သာ သန်လျင်)၏ ညီ၊ မောင်မြင့်သိန်း-နော်ဆာဖော၊ မသင်းသင်းမော်တို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၂၅-၂-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၁(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကြီးမြန်သစ်ပင်**
**စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ**
**ပြည်လည်းလှ**

---

## အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ်(၉၇)နေ၊ ဒေါ်မြင့်မြင့်စိန်[၆/လလန(နိုင်)၀၃၃၃၈၁]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲပေးထားခြင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ဖျက်သိမ်းပါသည်။

**ဒေါ်မြင့်မြင့်စိန်**
**[၆/လလန(နိုင်)၀၃၃၃၈၁]**

---

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စက်မဲ့ဆီတင်တွဲ ရေယာဉ် OB-592 ၏ မူလပိုင်ရှင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင်(၅)လမ်း၊ အမှတ်(၁၀၂)နေ ဦးဇေလတ်ဝင်း[၁၄/ပသန(နိုင်)၀၀၃၀၂၃]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြပြီး တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကျောက်မီးသွေးလမ်း၊ အမှတ်(၆၅)နေ ဦးဟိန်းသွေးဇံ[၆/မမန(နိုင်)၁၄၉၂၂၆]မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## အစ္စလာမ့်ဥပဒေနှင့်အညီ ကွာရှင်းပြီးဖြစ်ကြောင်း ဒေါ်ခင်စန်းမြင့်(ခ) အစမားဘီ (နိုင်ငံသားစီစစ်ရေးကတ်ပြုလုပ်ထားဆဲ)နှင့် အများသိစေရန်ကြေညာခြင်း

ဦးမြင့်ဦး(ခ)ဖာရွတ်[၁၂/မဂဒ(နိုင်)၀၈၀၁၉၀]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

(အဖ)ဦးခင်မောင်နှင့်(အမိ)ဒေါ်ချိုမာ၏သားဦးမြင့်ဦး(ခ)ဖာရွတ်နှင့် (အဖ)ဦးကိုလတ်(အမိ)ဒေါ်အေးချို၏သမီး ဒေါ်ခင်စန်းမြင့်(ခ)အစမားဘီတို့သည် လွန်ခဲ့သော(၁၈)နှစ်ခန့်က အစ္စလာမ်တရားတော်နှင့်အညီ ထိမ်းမြားခဲ့ပြီး ယခုအခါ အိမ်ထောင်ရေးဘဝခရီးအားရှေ့ဆက်လျှောက်ရန် မည်သို့မျှမဖြစ်နိုင်တော့ပါသောကြောင့် ယနေ့(၂၅-၂-၂၀၂၁)နေ့တွင် ဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့်အား အသိသက်သေများ ရှေ့မှောက်၌ စာချုပ်တွင် လက်မှတ်ရေးထိုး၍ နှုတ်မှလည်း အစ္စလာမ့်တရားဥပဒေနှင့်အညီ (ပြန်လည်မရုပ်သိမ်းနိုင်သောတွာလာတ်) တွာလာတ်ဗာအင်န်(၁)ကြိမ်ပေး၍ အပြီးအပြတ်ကွာရှင်းလိုက်ပြီဖြစ်ကြောင်း မြွက်ဟကြေညာအပ်ပါသည်။

သို့ပါသောကြောင့် ယနေ့(၂၅-၂-၂၀၂၁)နေ့မှစ၍ ဦးမြင့်ဦးနှင့်ဒေါ်ခင်စန်းမြင့်တို့သည် တစ်ဦးနှင့် တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါသောကြောင့် ဒေါ်ခင်စန်းမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းချယ်ရီ(B.A, LL.B, PGDL)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၄)**
**အမှတ် ၄၁၊ ၈၈-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**Ph: 09953119749, 09443119749**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်း [၁၁/ကဖန(နိုင်)၀၆၄၇၁၁] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၆၊ ၁၈-ရပ်ကွက်၊ ရွှေရင်အေးဈေးလမ်း၊ မြေကွက်အမှတ် (၇၃၁/ခ) ဟုခေါ်တွင်သော မြေဧရိယာ (အလျား ပေ ၂၀ x အနံ ပေ ၆၀)ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)တွင် (၂၂-၂-၁၉၉၁) ရက်စွဲပါ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် (၁၉၈၁၉) ဖြင့် ဦးစံသိန်း (KTN.၀၆၄၂၉၇) ကိုင်ဆောင်သူကအမည်ပေါက်အဖြစ် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လွှဲပြောင်းဝယ်ယူပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာသူ ရန်ကုန်မြို့၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၁၈) ရပ်ကွက်၊ ရွှေရင်အေးဈေးလမ်း၊ ဆိုင်ခန်းအမှတ် (၂၇)နေ ဦးခင်မောင်ဌေး [၁၂/အစန (နိုင်)၁၄၈၁၀၉] ကိုင်ဆောင်သူထံမှ အဆိုပါမြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း (အလျား ၁၀ ပေ x အနံ ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်ကျွန်ုပ်မိတ်ဆွေက ဦးခင်မောင်ဌေး [၁၂/အစန(နိုင်)၁၄၈၁၀၉] ကိုင်ဆောင်သူထံသို့ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးအောင်နိုင်စိုး (LL.B)** | **ဒေါ်ဇင်ဇင်နိုင် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၈၈၂) (၂၉-၄-၂၀၁၄)** | **(စဉ်-၁၄၀၉၂) (၁၆-၁-၂၀၁၈)** |

**အမှတ် (၁၄၇၀/က)၊ ထူပါရုံ (၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ ၅၃ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများကို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သည့် မဲစာရင်းများ ၁၀.၄ သန်းကျော်အထိ ကြီးမားစွာမှားယွင်းကွာဟရမှုအပေါ် တပ်မတော်နှင့်နစ်နာသည့် ပါတီ၊ ပြည်သူအများစုက သက်ဆိုင်ရာ အစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အား ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခြင်း၊ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေး ခေါ်ယူပြုလုပ်ပေးရန် တင်ပြတောင်းဆိုခဲ့ခြင်းတို့အပေါ် အကြိမ်ကြိမ် ငြင်းပယ်ခဲ့သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ် ဖွဲ့စည်းနိုင်ရေးကြိုးပမ်းမှုသည် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူရန် ဆောင်ရွက်ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်အား နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူ ထိန်းသိမ်းစေခြင်းဖြစ်သည်။

အရေးပေါ်ကာလအတွင်း ဒီမိုကရေစီအသွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုမှ အုပ်စုဖွဲ့ဒီမိုကရေစီအသွင်၊ ၎င်းမှအကြမ်းဖက်ဆူပူမှု (Riot)နှင့် မင်းမဲ့စရိုက်ဆန်သည့် ဥပဒေမဲ့အကြမ်းဖက်မှု (Anarchy Mob)အဖြစ်ရောက်ရှိစေရေး ဦးတည်လှုံ့ဆော် ဆောင်ရွက်လာခဲ့သည့်အတွက် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိခိုက်ပျက်ပြားမှုနှင့် ရုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအလို့ငှာ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ မြို့နယ်အချို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ထုတ်ပြန်ခဲ့သည်။ ယင်းသို့ထုတ်ပြန်ပြီးနောက် လူအုပ်စုအချို့သည် ငြိမ်းချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်ခြင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**


ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေ**
ဆောင်းပါး စာမျက်နှာ » ၆

**ကြောင်းကျိုးဆက်စပ်တွေးစေချင်**
ဆောင်းပါး စာမျက်နှာ » ၁၇

**ဝန်ထမ်းနှင့် CDM**
ဆောင်းပါး စာမျက်နှာ » ၂၃

**အာဆင်နယ်က ဘင်ဖီကာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့် တက်လှမ်း**
စာမျက်နှာ » ၂၇


## နိုင်ငံတစ်ဝန်း၌ ကုန်စည်စီးဆင်းမှုများ၊ ဈေးများနှင့် ဘဏ်များ ပုံမှန်အတိုင်း လုပ်ငန်းလည်ပတ်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းဒေသတွင် စက်သုံးဆီ တင်ချပြုလုပ်နိုင်သည့် ဆိပ်ခံတံတား စုစုပေါင်း ခြောက်စင်းရှိပြီး အဆိုပါဆိပ်ခံတံတားများရှိ သိုလှောင်ကန်များတွင် ဒီဇယ်ဆီ ဂါလန် သန်းပေါင်း ၆၁ ဒသမ ၉၆၄ နှင့် ဓာတ်ဆီဂါလန်သန်းပေါင်း ၈၃ ဒသမ ၇၀၀ တို့ကို ထိန်းသိမ်းထားနိုင်သည်။

အဆိုပါစက်သုံးဆီသိုလှောင်ကန်များတွင် ယနေ့အထိ ထိန်းသိမ်းထားရှိသည့် ပမာဏအနေဖြင့် ဒီဇယ်ဂါလန် သန်းပေါင်း ၃၈ ဒသမ ၈၇၈ နှင့် ဓာတ်ဆီဂါလန် သန်းပေါင်း ၃၅ ဒသမ ၆၅၆ ထိန်းသိမ်းထားရှိပြီး နေ့စဉ် ဆီတင်သင်္ဘောများမှ ကုန်ချခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မကြာမီရက်ပိုင်းအတွင်း စက်သုံးဆီတင်သင်္ဘော ငါးစင်းဖြင့် စက်သုံးဆီတန်ချိန် ၈၄၆၀၀ ခန့်ကို တံတားများ၌ ဆိုက်ကပ်၍ ကုန်ချခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် သီလဝါကမ်းဒေသတို့တွင် စားအုန်းဆီ အတင်အချပြုလုပ်နိုင်သည့် ဆိပ်ခံတံတား စုစုပေါင်း လေးစင်းရှိပြီး သိုလှောင်ကန်များတွင် စားအုန်းဆီ စုစုပေါင်း ၇၅၀၀၀ မက်ထရစ်တန်ကို သိုလှောင်ထားနိုင်ကြောင်းနှင့် ယနေ့အထိ

**စာမျက်နှာ ၁၆ ကော်လံ ၄ သို့ ○**